# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အနှစ်ရှိသောတရားကိုရနိုင်**

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

**ယမကဝဂ် (ဓမ္မပဒ - ၁၂)**


၁၃၇၈ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီ ၁၄ ရက်၊ စနေနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၀၆)





နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီစနု ဆူဗန် နာဂျတာက ထိုင်းနိုင်ငံအစိုးရကလှူဒါန်းသည့် အမေရိကန်ဒေါ်လာ နှစ်သိန်းကို ပေးအပ်လှူဒါန်းစဉ် (သတင်းစဉ်)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရခိုင်ပြည်နယ်အတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့်ငွေများလက်ခံ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ်တွင် ဆောင်ရွက်လျက်ရှိသည့် လူသားချင်းစာနာမှုအကူအညီပေးရေး လုပ်ငန်းများအတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသည့် အမေရိကန်ဒေါ်လာ နှစ်သိန်းကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီစနု ဆူဗန် နာဂျတာက ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်း စုကြည်က လက်ခံသည်။

**လွှဲပြောင်းပေးအပ်သွားမည်**

အဆိုပါ လှူဒါန်းငွေများကို လူသားချင်းစာနာမှု အကူအညီများပေးအပ်ရန်အတွက် ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာငွေစာရင်းသို့ လွှဲပြောင်းပေးအပ်ပြီးဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး


စာမျက်နှာ-၃


## မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့အကြားမှာ အလွန်ကို ကောင်းမွန်တဲ့ဆက်ဆံရေး ရှိပါတယ်


စာမျက်နှာ-၄





## သူငွေး ရေအား လျှပ်စစ် စီမံကိန်း ၄၃ ရာခိုင်နှုန်း နီးပါးပြီးစီး


စာမျက်နှာ-၇





မြန်မာ့အလင်း

# အော်ဂဲနစ်သီးနှံတင်ပို့ရေး

အော်ဂဲနစ်သီးနှံတို့၏ ဈေးကွက်သည် ကမ္ဘာပေါ်၌ ကျယ်ပြန့်လာသကဲ့သို့ ဈေးကောင်းလည်းရသည်ဖြစ်သောကြောင့် လယ်ယာစိုက်ပျိုးရေးနိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အော်ဂဲနစ်သီးနှံစိုက်ပျိုးရေးကိုလည်း အာရုံစိုက်ဆောင်ရွက်သင့်ပါသည်။ သို့သော် အော်ဂဲနစ်သီးနှံအဖြစ် ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စရပ်များစွာရှိ၍ တောင်သူလယ်သမားတို့၏ အင်အားသက်သက်ဖြင့်ဆောင်ရွက်နိုင်သောကိစ္စရပ်မဟုတ်ပါ။ နိုင်ငံတော်အစိုးရကိုယ်တိုင် မူဝါဒချမှတ်၍ အားပေးအားမြှောက်ဆောင်ရွက်မှသာ ဖြစ်မြောက်နိုင်သောကိစ္စရပ်ဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးမှ တောင်သူလယ်သမားတချို့သည် ဟောင်ကောင်သို့ အော်ဂဲနစ်ဆန်တင်ပို့ရန် ကြိုးပမ်းခဲ့သည်ကို မှတ်သားမိပါသည်။ တင်ပို့မည့်အော်ဂဲနစ်ဆန်ကို ဟောင်ကောင်သို့ပို့၍ ဓာတ်ခွဲစစ်ဆေးရာ၌ မျိုးရင်းမှန်သည်ကိုအတည်ပြုခဲ့သကဲ့သို့ လိုအပ်သော အရည်အသွေးပြည့်ဝသည်ကိုလည်း အသိအမှတ်ပြုလက်ခံခဲ့ပါသည်။ သို့သော် စပါးကိုကြိတ်ခွဲသောလုပ်ငန်းစဉ်၌ လိုအပ်သောအရည်အသွေးမပြည့်ဟူသောမှတ်ချက်ကို ပြန်ရခဲ့ပါသည်။ အဆိုပါ အခြေအနေပေါ်မူတည်၍ ဟောင်ကောင်မှ အော်ဂဲနစ်ဆန်အစား အော်ဂဲနစ်စပါးကိုသာ တင်ပို့ပေးရန်ကမ်းလှမ်းခဲ့ပါသည်။ သို့သော် နိုင်ငံတော်၏ မူဝါဒအရ စပါးတင်ပို့ခွင့်မရှိသောကြောင့် အဆိုပါ တောင်သူလယ်သမားတချို့၏ ကြိုးပမ်းမှုသည် ရပ်တန့်ခဲ့ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ၌ ခေတ်မီဆန်စက်များ မပြည့်စုံသေးသောကာလတွင် အော်ဂဲနစ်စပါးများတင်ပို့ခွင့်ပြုသင့်/ မပြုသင့်အပေါ် နိုင်ငံတော်အနေဖြင့် လေ့လာသုံးသပ်ပေးပါရန် အကြံပြုတင်ပြလိုပါသည်။

အရေးကြီးသောအချက်မှာ မြန်မာနိုင်ငံတွင် သဘာဝရာသီဥတုအနေအထားအရ မျိုးရိုးစဉ်ဆက် အော်ဂဲနစ်စပါးများ စိုက်ပျိုးထုတ်လုပ်မှုရှိနေခြင်းဖြစ်ပါသည်။ တောင်သူလယ်သမားများထံမှ လေ့လာရရှိသောအချက်အလက်များအရ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်ကဲ့သို့သောဒေသများတွင် မျိုးရိုးစဉ်ဆက်အော်ဂဲနစ်စပါးများ စိုက်ပျိုးထုတ်လုပ်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်၌လည်း ဤကဲ့သို့သော မျိုးရိုးစဉ်ဆက်အော်ဂဲနစ်စပါးစိုက်ပျိုးခြင်းများရှိသည်ဟု သိရှိရပါသည်။ သို့သော် တောင်သူလယ်သမားအများစုသည် သဘာဝရာသီဥတုအနေအထားအရ ဓာတ်မြေသြဇာသုံးစွဲရန် မလိုအပ်၍ မျိုးရိုးစဉ်ဆက်သဘာဝအတိုင်း စိုက်ပျိုးနေသောစပါးများသည် အော်ဂဲနစ်စပါးဖြစ်သည်ကို မသိရှိသကဲ့သို့ အော်ဂဲနစ်ဆန်စပါးတို့၏ ဈေးနှုန်းမည်မျှကောင်းသည်ကိုလည်း မသိရှိကြပါ။ နိုင်ငံတော်မှ ဦးဆောင်၍ တိုင်းပြည်၏မည်သို့သော ဒေသများတွင် အော်ဂဲနစ်စိုက်ခင်းများရှိသည်ကို လေ့လာမှတ်တမ်းတင်သင့်ပါသည်။ အဆိုပါအော်ဂဲနစ်စိုက်ခင်းများမှ ထွက်ရှိသော အော်ဂဲနစ်သီးနှံတို့ကို ပြည်ပသို့တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကိုလည်း နိုင်ငံတော်က မူဝါဒချမှတ်၍ လိုအပ်ချက်အလျောက် ပံ့ပိုးကူညီဖြည့်ဆည်းပေးပါက လက်တွေ့အကောင်အထည်ပေါ်လာမည်ဖြစ်ပါသည်။ တောင်သူလယ်သမားတို့လိုအပ်သော နည်းပညာတို့ ဖြန့်ဖြူးပေးခြင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုတို့ကို ဖြည့်ဆည်းပေးခြင်းအစရှိသော ပံ့ပိုးကူညီမှုလုပ်ငန်းစဉ်တို့ကို နိုင်ငံတော်က ဦးဆောင်အကောင်အထည်ဖော်ပါက မြန်မာနိုင်ငံအနေဖြင့် အော်ဂဲနစ်သီးနှံတို့ကို ပြည်ပသို့ လက်တွေ့တင်ပို့လာနိုင်မည်ဟု ယူဆပါသည်။ သို့ဖြစ်၍ နိုင်ငံတော်ကဦးဆောင်၍ အော်ဂဲနစ်သီးနှံတင်ပို့နိုင်ရေးကို အကောင်အထည်ဖော်ပေးပါရန် လေးစားစွာတိုက်တွန်းအကြံပြုအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ




## တန်ဆောင်းတော်ပြန်လည်ပြုပြင်

**မိတ္ထီလာ ဇန်နဝါရီ ၁၃**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ်ဟောင်း ချူအင်လိုင်း၏ မတည်အလှူငွေ၊ အများပြည်သူလှူဒါန်းငွေဖြင့် ၁၉၆၁ ခုနှစ် ဇန်နဝါရီ ၈ရက်က ညောင်ဦးမြို့ ရွှေစည်းခုံဘုရား အရှေ့ဘက်စောင်းတန်းအနီး၌ တည်ဆောက်ခဲ့သော တန်ဆောင်းတော်အား မြန်မာ-တရုတ်ချစ်ကြည်ရေး အငွေ့ရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာပြည်ဖွား တရုတ်မျိုးနွယ်ဖောင်ဒေးရှင်းက ပြန်လည်ပြုပြင်ပြီး၍ ရေစက်ချအလှူတော်မင်္ဂလာ အခမ်းအနားကို ဇန်နဝါရီလ ဒုတိယပတ်က ညောင်ဦးမြို့ရွှေစည်းခုံဘုရားတန်ဆောင်း၌ ကျင်းပသည်။

ရှေးဦးစွာမြန်မာပြည်ဖွားတရုတ်မျိုးနွယ် ဖောင်ဒေးရှင်းဥက္ကဋ္ဌဦးကြီးစိန်က ရွှေစည်းခုံဘုရားတွင် ရွှေစင်ရွှေပြား၊ ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ၁၂ သိန်းကိုရွှေစည်းခုံစေတီ ဂေါပကဥက္ကဋ္ဌဦးကျော်မြင့်ထံ ပေးအပ်လှူဒါန်းပြီး အလှူရှင်က ဓမ္မလက်ဆောင်အဖြစ်ရွှေစည်းခုံစေတီဓာတ်ပုံအား ပြန်လည်ပေးအပ်ချီးမြှင့်သည်။

တန်ဆောင်းတော်ပြုပြင်ပြီး အောင်ပွဲအထိမ်းအမှတ်အဖြစ် ညောင်ဦးမြို့ ကျောက်ပန်းတောင်းလမ်းအထွက် THE REGENCY HOTEL ၌ကျင်းပသော ညစာစားပွဲတွင် မြန်မာပြည်ဖွားတရုတ်မျိုးနွယ်ဖောင်ဒေးရှင်း ဥက္ကဋ္ဌနှင့် မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းဗဟိုဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်တို့က အမှာစကား ပြောကြားကြကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

## အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီဝင် အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက ယခုကော်မတီသည် အဓမ္မခိုင်းစေမှုပပျောက်ရေး အပါအဝင် နိုင်ငံတော်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် ဝန်ကြီးဌာန ၁၀ ခုမှ ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းထားမှု အခြေအနေ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)နှင့် ဆက်သွယ်ဆောင်ရွက်ရသော ကိစ္စရပ်များတွင်လည်း ဦးဆောင်ပါဝင်ဆောင်ရွက်သွားရန် ရည်ရွယ်ထားမှုအခြေအနေများ၊ ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့သော ဖြစ်ပေါ်တိုးတက်မှုများနှင့် အနာဂတ်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကော်မတီဝင်များက အဓမ္မခိုင်းစေမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်(မူကြမ်း)နှင့်ပတ်သက်ပြီး မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍအလိုက် ပါဝင်ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများအပေါ် ဆွေးနွေးအကြံပြုခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သံတောင်ကြီး၌ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းဖွင့်

**တောင်ငူ ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏စီစဉ်မှုဖြင့်မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းကို ဇန်နဝါရီ ၉ ရက်က သံတောင်ကြီးမြို့ ဇိုင်းယာန်းနှစ်ခြင်းခရစ်ယာန်အသင်းတော် လူငယ်သင်တန်းခန်းမ၌ ကျင်းပသည်။ အဆိုပါသင်တန်းသို့ သံတောင်ကြီးမြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဒေါ်နော်ခရစ္စထွန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်အောင်တို့က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကာ မော်တော်ဆိုင်ကယ်အင်ဂျင်ပိုင်းနှင့် ဘော်ဒီပိုင်းကိုပညာရှင်များက ပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား ၃၀ တက် ရောက်မည်ဖြစ်ကြောင်း သိရသည်။ **သူရ(တောင်ငူ)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၁-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၁၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၆၉၀/၇၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၇၀၀/၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် |
| ပရီမီယံဒီဇယ် | ၇၁၀/၇၂၅ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၅ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၁၆ · ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၃၃ · ၁၁ |
| ထိုင်း | တစ်ဘတ် | ၃၇ · ၅၉ |
| အိန္ဒိယ | တစ်ရူပီး | ၁၉ · ၇၃ |
| တရုတ် | တစ်ယွမ် | ၁၉၄ · ၃၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀ · ၃၉ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီရွှေ၊ ကလျာမိုးမြင့်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့် နိုင်ငံများ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E.Mr. Martin Tlapa နှင့်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-ချက် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့်နိုင်ငံများ၊ စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E.Mr.Martin Tlapa အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်**
(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ်တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်မောင်အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအစမ်းခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားလွှတ်တော်ရုံး၊ ဥပဒေပြုဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလွင်ဦးအား အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# မြန်မာ-ချက် နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပထမအကြိမ် မြန်မာ-ချက် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဧရာဝတီခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျ ဦးဆောင်သည့်အဖွဲ့နှင့် ချက်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဥရောပနိုင်ငံမဟုတ်သည့် နိုင်ငံများ၊ စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဒုတိယဝန်ကြီး H.E. Mr. Martin Tlapa ဦးဆောင်သည့် အဖွဲ့တို့တက်ရောက်ကြပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ရေး၊ စီးပွားရေး နှင့် ရင်းနှီးမြှုပ်နှံမှု၊ ပညာရေးနှင့် ယဉ်ကျေးမှုစသည့် ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်များ ပြည့်ပြည့်ဝဝရရှိရေးအခွန်ဦးစီးဌာနရုံးများသို့စစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အစိုးရဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂလိက ကဏ္ဍများမှ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန်နှင့် အောင်ဘာလေသိန်းဆုခွန်များ ပြည့်ပြည့်ဝဝ မှန်မှန်ကန်ကန် ကောက်ခံရရှိရေးနှင့်ပတ်သက်၍ ဇန်နဝါရီ ၉ ရက်တွင် တပ်ကုန်းမြို့နယ်နှင့် သီရိငါးမြို့နယ်၊ ဇန်နဝါရီ ၁၂ ရက်တွင် လယ်ဝေးမြို့နယ်နှင့် ပျဉ်းမနားမြို့နယ် အခွန်ဦးစီးဌာနရုံးများသို့ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း လှည့်လည်စစ်ဆေးခဲ့ရာ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးများမှ ဖွဲ့စည်းအင်အား၊ အခွန်အမျိုးအစားအလိုက်ကောက်ခံရရှိမှု၊ အခွန်စည်းကြပ်မှုပြုရာတွင် တွေ့ကြုံရသည့်အခက်အခဲများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များအား ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်ထောင်စုနယ်မြေ အခွန်ဦးစီးဌာနမှူးက ဖြည့်စွက်တင်ပြခဲ့ကြသည်။

နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်းက ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်လျက်ရှိရာတွင် ဘဏ္ဍာငွေ တောင့်တင်းခိုင်မာရေးမှာ အရေးကြီးပါကြောင်း၊ ယနေ့ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အနေဖြင့် အခွန်အပေါ်အခြေခံသည်သာဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာ၊ ပုဂ္ဂလိက ကဏ္ဍများမှ နိုင်ငံတော်သို့ ပေးရန်ရှိသည့် အခွန်ကို မှန်မှန်ကန်ကန် ပေးသွင်းကြရန်လိုအပ်သကဲ့သို့ အခွန်ပေးခြင်း၏ အကျိုးကျေးဇူးများကိုလည်း အခွန်ရုံးဝန်ထမ်းများက သေသေချာချာ ရှင်းလင်းဆွေးနွေးပေးရန် လိုအပ်ကြောင်း၊ အခွန်လွတ်ကင်းမှုမရှိစေရေးနှင့် ပူးပေါင်းဆောင်ရွက်ကြရန်အတွက် ပြည်ထောင်စုနယ်မြေအတွင်းရှိ ဌာနဆိုင်ရာများသို့ ညှိနှိုင်းပေးမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများဖြစ်၍ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းနှင့်အညီ နေထိုင်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်အတွက် ရသင့်သည့်အခွန်များ လွတ်ကင်းမှုမရှိစေဘဲ ပြည့်ပြည့်ဝဝရရှိရေး၊ တက်ညီလက်ညီဖြင့် လက်ရည်တစ်ပြင်တည်း ဆောင်ရွက်ကြရန် ယခုကဲ့သို့ လာရောက်ခြင်းဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၌ -၄ ဒီဂရီစင်တီဂရိတ်၊ ပူတာအိုမြို့၊ ပင်လောင်းမြို့၊ ဟဲဟိုးမြို့နှင့် မိုးကုတ်မြို့တို့၌ ၃ ဒီဂရီစင်တီဂရိတ်စီ၊ နောင်ချိုမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။**

# တောင်ကြီးခရိုင်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးသည် ဇန်နဝါရီ ၁၂ ရက်က တောင်ကြီးတက္ကသိုလ်သွေးလှူဒါန်းပွဲ၊ တောင်ကြီးတက္ကသိုလ်၊ တောင်ကြီးပညာရေးကောလိပ်၊ နည်းပညာတက္ကသိုလ် (တောင်ကြီး)၊ စက်မှုအထက်တန်းကျောင်း (အေးသာယာ)တို့သို့ သွားရောက်၍ ဆရာ ဆရာမများ အတန်းချိန်မှန်မှန် အချိန်ပြည့်သင်ကြားရန်၊ ကျောင်းသား ကျောင်းသူများ ကျောင်းခေါ်ချိန်ရာနှုန်းပြည့်မီရန်နှင့် ပျက်ကွက်ပါက စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်၊ ကျောင်းသား ကျောင်းသူများအား ဘွဲ့ရပညာတတ်လူငယ်များ ဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်၊ ဆရာ ဆရာမတိုင်း သုတေသနလုပ်ရန်၊ သုတေသနစာတမ်းများကို ဖတ်ကြားဆွေးနွေးရန်၊ သုတေသနဂျာနယ်များတွင် ရေးသားကြရန်၊ ဆရာဆရာမများ အရည်အသွေးမြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်တို့ကို ပြောကြားသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၁၇ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးခရိုင်လုံးကျွတ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် တောင်ကြီးမြို့နယ် ရွှေညောင်မြို့ လှိုင်ဘုံသာရပ်ကွက်(၁) စာသင်ဝိုင်းများသို့လည်းကောင်း၊ ကလောမြို့နယ် သရက်ပုကျေးရွာစာသင်ဝိုင်းများသို့ လည်းကောင်းရောက်ရှိကာ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာရေးကိရိယာများကို ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလှအပနှင့်ကျန်းမာရေးဆိုင်ရာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

တစ်ကိုယ်ရေကျန်းမာသန့်ရှင်းရေးနှင့်အတူ ဆံပင်၊ အသားအရေ၊ ခြေသည်းလက်သည်း အလှဆင်မှုတို့ကို အမျိုးသမီး အမျိုးသားများ ပိုမိုလုပ်ဆောင်လာကြသည်ကို တွေ့မြင်ရသည်။ အလှပြုပြင်သည့် Cosmetic ထုတ်ကုန်များ ပိုမိုများပြားလာရာ အလှဆင်ပြုပြင်ရာတွင် မူလအရေပြား၊ ဆံပင်၊ ခြေသည်း လက်သည်းတို့ကိုထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာသည်။ အလှပြုပြင်ရာတွင် Skincare နှင့် ဖြည့်စွက်သောက်ဆေး (Supplement) တို့ကို သုံးစွဲရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာနှင့် နောက်ဆက်တွဲကျန်းမာရေးဆိုင်ရာ ပြဿနာများမဖြစ်ပေါ်စေရန် ဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ပါမောက္ခ ဒေါက်တာမြတ်စန္ဒာကျော် အရေပြားအထူးကုဆရာဝန်ကြီး အရေပြားရောဂါပညာဌာန ဆေးတက္ကသိုလ် (၂) ရန်ကုန်က ဟောပြောဆွေးနွေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

**အောင်သူရ**

# မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံတို့အကြားမှာ အလွန်ကို ကောင်းမွန်တဲ့ဆက်ဆံရေး ရှိပါတယ်

**ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပါဗလိုကလင်းကင်**

**ဘာသာပြန် - ကျော်ထိုက်စိုး၊ စိုးသူရ၊ ဓာတ်ပုံ - သုတ**

**မြန်မာနှင့် ယူကရိန်းနိုင်ငံအကြား သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယူကရိန်းနိုင်ငံခြားရေးဝန်ကြီး ပါဗလိုကလင်းကင်သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်နိုင်ရန် မြန်မာနိုင်ငံသို့ နှစ်ရက်ကြာ လာရောက်လည်ပတ်ခဲ့သည်။ နှစ်နိုင်ငံအကြား စီးပွားရေး၊ လူမှုရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူအဆင်ပြေချောမွေ့စေရန် ရန်ကုန်မြို့၌ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဇန်နဝါရီ ၁၁ ရက်က ဖွင့်လှစ်ခဲ့သည်။**

**မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ အစိုးရက ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နိုင်မှု အလားအလာများနှင့်ပတ်သက်၍ နေပြည်တော်သို့ရောက်ရှိနေသည့် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဒေါ်လိန်းမောင်းပန် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဘာသာပြန်ရေးသားတင်ပြလိုက်ပါသည်-**

**မေး - ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံကို ပထမဆုံးလာရောက်တဲ့ ခရီးစဉ်နဲ့ပတ်သက်ပြီး သိလိုပါတယ်။**

ဖြေ - ပထမဆုံးအနေနဲ့ မြန်မာနိုင်ငံကို လာရောက်ဖို့ ဖိတ်ကြားလာတဲ့အတွက် ကျွန်တော့်အနေနဲ့ အခြေခံကျတဲ့အချက်တွေကိုဆွေးနွေးဖို့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့ ယူကရိန်းနိုင်ငံဟာ သံတမန်ဆက်ဆံရေး ထူထောင်လာခဲ့တာ ၁၉ နှစ်နီးပါးရှိပြီဖြစ်ပေမယ့် အခုခရီးစဉ်ဟာ ယူကရိန်း နိုင်ငံခြားရေးဝန်ကြီး တစ်ဦးအနေနဲ့ ပထမဆုံးအကြိမ် လာရောက်တာဖြစ်ပါတယ်။ ဒါကြောင့်မို့ သမိုင်းဝင်ခရီးစဉ်လို့ ပြောလို့ရပါတယ်။ ဒီခရီးစဉ်နဲ့အတူ အရေးကြီးတဲ့ နိုင်ငံရေးအရ အပြန်အလှန်ဆက်သွယ်မှု၊ ပြည်သူအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုစတင်ဖို့နဲ့ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေးမြှင့်တင်ဖို့ စတင်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။

နှစ်နိုင်ငံဆက်ဆံရေးတိုးမြှင့်ဖို့အတွက် ဥပဒေပြုအမတ်တွေအကြား ချိတ်ဆက်မှုတွေရှိဖို့လိုပါတယ်။ ဒီမှာရောက်ရှိလာတဲ့အတွက် ကျွန်တော်တို့ရဲ့ဥပဒေဆိုင်ရာ မူဘောင်တွေ၊ အင်စတီကျူးရှင်းဆိုင်ရာမူဘောင်တွေ၊ အစိုးရတာဝန်ရှိသူတွေနဲ့ ပြည်သူအချင်းချင်း ချိတ်ဆက်မှုတွေ ဘယ်လိုမြှင့်တင်ရမလဲဆိုတဲ့အသိတွေ များစွာ သိရှိခဲ့ပါတယ်။ ပိုပြီးထူးခြားတာက မြန်မာနိုင်ငံမှာ ယူကရိန်းဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ပထမဆုံးအကြိမ်အဖြစ် ဖွင့်လှစ်ခဲ့ပါတယ်။ ဒါဟာ မြန်မာနိုင်ငံနဲ့ ဆက်ဆံရေးတိုးမြှင့်မယ့် ယူကရိန်းနိုင်ငံရဲ့ ကတိကဝတ်ဖြစ်ပါတယ်။



ယူကရိန်း နိုင်ငံခြားရေး ဝန်ကြီး ပါဗလိုကလင်းကင်အား တွေ့ဆုံမေးမြန်းစဉ်

**မေး - ယူကရိန်း ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ရုံးကို ဇန်နဝါရီလ ၁၁ ရက်နေ့က ဖွင့်လှစ်ခဲ့တယ်လို့ သိရပါတယ်။ ဒီလိုဖွင့်လှစ်မှုက မြန်မာနဲ့ ယူကရိန်းနိုင်ငံအကြား နှစ်နိုင်ငံဆက်ဆံရေးအခန်းကဏ္ဍသစ်အတွက် အလွန်ကို ကောင်းမွန်တဲ့ စတင်မှုတစ်ခုပါ။ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်နေချိန်မှာ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးအပေါ် ယူကရိန်းနိုင်ငံခြားရေးဝန်ကြီးရဲ့သဘောထားကို သိလိုပါတယ်။**

ဖြေ - မြန်မာနိုင်ငံမှာ ကိုင်တွယ်ဖြေရှင်းရမယ့် စိန်ခေါ်မှုတွေ အများကြီးရှိနေတယ်ဆိုတာ ကျွန်တော်ယုံပါတယ်။ ဒါဟာ အလွန်ကို အရေးကြီးပါတယ်။ မြန်မာနိုင်ငံခေါင်းဆောင်တွေနဲ့ ကျွန်တော်တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ ရှင်းလင်းပြတ်သားတဲ့ ကတိကဝတ်တွေကို သိခဲ့ရပါတယ်။ နယ်ပယ်တော်တော်များများမှာလည်း သဘောတူညီချက်တွေရရှိခဲ့ပါတယ်။ ဒုတိယ အချက်အနေနဲ့ ဒါဟာ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့ ကတိကဝတ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ မြန်မာခေါင်းဆောင်တွေရဲ့ဆောင်ရွက်ချက်အပေါ် အပြုသဘောလို့ပဲမြင်ပါတယ်။ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနေတဲ့ မြန်မာနိုင်ငံခေါင်းဆောင်တွေက ဘယ်လိုကြိုးစား လုပ်ဆောင်ခဲ့သလဲဆိုတာကို ကျွန်တော်အပြုသဘောအနေနဲ့ မြင်ပါတယ်။

**မေး - မြန်မာနိုင်ငံက ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကြိုးပမ်းလုပ်ဆောင်နေသလို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေပါတယ်။ ယူကရိန်းနိုင်ငံက မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဘယ်လိုလုပ်ဆောင်နိုင်မလဲဆိုတာ သိလိုပါတယ်။**

ဖြေ - သေချာတာပေါ့။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ယူကရိန်းကုန်စည်တွေကို မြန်မာနိုင်ငံကို တင်ပို့နိုင်ပါတယ်။ ကဏ္ဍတော်တော်များများမှာ ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ အခုချိန်မှာ ယူကရိန်းနိုင်ငံရဲ့အပူချိန်က အနုတ်(-၈) အထိ ရှိနေပါတယ်။ ယူကရိန်းနိုင်ငံက ဆန်၊ ပဲ၊ ဂျုံတို့လို သီးနှံတွေ၊ နေကြာစေ့နဲ့ နေကြာဆီနဲ့ပတ်သက်ရင် အများဆုံး ထုတ်လုပ်နိုင်တဲ့ နိုင်ငံဖြစ်ပါတယ်။

ယူကရိန်းနိုင်ငံဟာ ကမ္ဘာပေါ်မှာ လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်အများဆုံး ထုတ်လုပ်တဲ့ နိုင်ငံတွေအနက်တစ်နိုင်ငံဖြစ်ပါတယ်။ မြန်မာနိုင်ငံကလည်း အခြားနယ်ပယ်မှာ အထူးသဖြင့် ဆန်နဲ့ အပူပိုင်းသီးနှံအများဆုံး ထုတ်လုပ်တဲ့နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပါတယ်။ စက်မှုထုတ်ကုန်၊ လယ်ယာထုတ်ကုန်နဲ့ ခရီးသွားလုပ်ငန်းတွေမှာ လက်တွဲဆောင်ရွက်ရင် အောင်မြင်နိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ ခရီးသွားလုပ်ငန်းက မြန်မာနိုင်ငံမှာ အလွန်ကိုအောင်မြင်နိုင်တဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်တဲ့ အတွေ့အကြုံလိုအပ်နေပါသေးတယ်။ မြန်မာနိုင်ငံဟာ အနာဂတ်ကာလမှာ နှင်းလျှောစီးအားကစား ပြုလုပ်နိုင်တဲ့ တစ်ခုတည်းသော အရှေ့တောင်အာရှနိုင်ငံဖြစ်ပါတယ်။ နှစ်နိုင်ငံကြား ကျောင်းသား ကျောင်းသူတွေ အပြန်အလှန်လည်ပတ်ဖို့၊ ယူကရိန်းကမ္ဘာလှည့်ခရီးသွားတွေ မြန်မာနိုင်ငံအကြောင်းသိရှိဖို့နဲ့ မြန်မာနိုင်ငံကို လာရောက်အောင် ဆွဲဆောင်ဖို့ လုပ်ဆောင်ရမှာဖြစ်ပါတယ်။ နယ်ပယ်ကဏ္ဍစုံမှာ ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး - မြန်မာ-ယူကရိန်း သံတမန်ဆက်ဆံရေးအပေါ် နိုင်ငံခြားရေးဝန်ကြီးရဲ့အမြင်နဲ့ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ဖို့ မျှော်လင့်ချက်ကိုလည်း သိလိုပါတယ်။**

ဖြေ - နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး တည်ထောင်ထားတာကြောင့် နှစ်နိုင်ငံဆက်ဆံရေး မတိုးတက်လာစရာမရှိပါဘူး။ မြန်မာနဲ့ယူကရိန်းနိုင်ငံအကြားမှာ အလွန်ကို ကောင်းမွန်တဲ့ နှစ်နိုင်ငံဆက်ဆံရေးရှိပါတယ်။ ဒါပေမယ့် ပိုမိုကောင်းမွန်တဲ့ အပြန်အလှန်အကျိုးပြုမှု လိုအပ်နေပါတယ်။ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတွေအနေနဲ့ တစ်နှစ်မှာ နှစ်ကြိမ်လောက်တွေ့ဆုံဆွေးနွေးရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်နိုင်ငံ အနေနဲ့ ကုလသမဂ္ဂအစည်းအဝေးလိုမျိုး နိုင်ငံတကာအစည်းအဝေးတွေကတစ်ဆင့် သံတမန်ရေးရာတွေမှာ ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။ နှစ်ဖက်စလုံးက သံတမန် တွေအနေနဲ့ ကောင်စစ်ဝန်ရေးရာတွေ ဆွေးနွေးဖို့ လိုအပ်ပါတယ်။ နှစ်နိုင်ငံစလုံးကို သွားရောက်လည်ပတ်မယ့် နှစ်နိုင်ငံပြည်သူတွေကို အကူအညီပေးဖို့ လိုအပ်ပါတယ်။

**မေး - နိုင်ငံခြားရေးဝန်ကြီးရဲ့ မြန်မာနိုင်ငံကိုလာရောက်တဲ့ ပထမဆုံးသော ခရီးစဉ်ကို အခြေခံပြီး ဘာတွေများထပ်ပြောချင်ပါသေးသလဲ။**

ဖြေ - နှစ်နိုင်ငံအကြား ပုံမှန်ဆက်သွယ်မှု၊ ပုံမှန်လည်ပတ်မှုတွေပြုလုပ်ဖို့ ကျွန်တော်တိုက်တွန်းချင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးကို ယူကရိန်းနိုင်ငံကို လာရောက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ နှစ်နိုင်ငံအကြား စီးပွားရေးထုထည် မြင့်မားလာအောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ သဘောတူညီချက်များစွာရရှိပြီး ဖြစ်သော်လည်း စီးပွားရေးနဲ့ပတ်သက်တဲ့ သဘောတူညီချက်မရရှိသေးလို့ အခွန် နှစ်ထပ်စည်းကြပ်မှုနဲ့ပတ်သက်ပြီး နောက်ထပ်သဘောတူညီချက် ရရှိဖို့လိုအပ်ပါတယ်။ မြန်မာနဲ့ ယူကရိန်းနိုင်ငံဟာ ၁၉ နှစ်တာခန့်အထိ သံတမန်ဆက်ဆံရေးကို အောင်မြင်စွာထူထောင်ခဲ့ပြီးဖြစ်တဲ့အတွက် အခုအခါမှာ ဆက်ဆံရေး ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဘာပဲပြောပြော ကျွန်တော့်ရဲ့ခရီးစဉ်ဟာ အောင်မြင်တဲ့ခရီးစဉ်တစ်ခုလို့ ပြောလို့ရပါတယ်။

နှစ်နိုင်ငံအကြားသာမက နှစ်နိုင်ငံပြည်သူတွေအတွက်ပါ အကျိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်နိုင်ဖို့ နောက်တစ်ကြိမ် မြန်မာနိုင်ငံကို လာရောက်ခဲ့မယ်ဆိုရင် တွေ့ဆုံမေးမြန်းမှုပြုလုပ်နိုင်ဦးမယ်လို့ မျှော်လင့်ပါတယ်။

> **မြန်မာနိုင်ငံခေါင်းဆောင်တွေနဲ့ ကျွန်တော်တွေ့ဆုံဆွေးနွေးတဲ့အခါမှာ ပြုပြင်ပြောင်းလဲရေးနဲ့ပတ်သက်တဲ့ ရှင်းလင်းပြတ်သားတဲ့ ကတိကဝတ်တွေကို သိခဲ့ရပါတယ်။ နယ်ပယ်တော်တော်များများမှာလည်း သဘောတူညီချက်တွေ ရရှိခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ဒါဟာ ပြုပြင်ပြောင်းလဲရေးနဲ့ ပတ်သက်တဲ့ ကတိကဝတ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ မြန်မာခေါင်းဆောင်တွေရဲ့ဆောင်ရွက်ချက်အပေါ် အပြုသဘောလို့ပဲမြင်ပါတယ်။ မြန်မာပြည်သူတွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းနေတဲ့ မြန်မာနိုင်ငံခေါင်းဆောင်တွေ က ဘယ်လိုကြိုးစားလုပ်ဆောင်ခဲ့သလဲဆိုတာကို ကျွန်တော်အပြုသဘောအနေနဲ့ မြင်ပါတယ်။**

❄ *ကျောဖုံးမှ*

ကဏ္ဍစုံပါဝင်သော်လည်း ယခု ဒုတိယအကြိမ်၌ ပိုမိုထိရောက်စွာ တင်ပြနိုင်ရန်အတွက် ကဏ္ဍများခွဲ၍ ဆွေးနွေးနိုင်ရန် စီစဉ်ခဲ့ကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ၁၈ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း၊ အောက်ခြေတွင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းကော်မတီငါးခုမှာ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဝန်းကျင်တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းကော်မတီ၊ ငွေကြေးရရှိစေနိုင်မှုဆိုင်ရာများ ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကို အားပေးမြှင့်တင်ရေးလုပ်ငန်းကော်မတီ၊ စီးပွားရေးနှင့် ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံ၏အခန်းကဏ္ဍအား ပြန်လည်ရေးဆွဲရေးလုပ်ငန်းကော်မတီ၊ အခြေခံလူသားအရင်းအမြစ်တည်ဆောက်ရေး လုပ်ငန်းကော်မတီများတို့ဖြစ်ပါကြောင်း။

ထိုကော်မတီငါးခုအနေဖြင့် ခေတ်နှင့် မလျော်ညီသည့် အချက်များ၊ ဖြေလျှော့ရမည့် ဥပဒေများနှင့် လိုအပ်သည့် အချက်များကို လုပ်ငန်းတာဝန်များအလိုက် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ကော်မတီအဖွဲ့များအနေဖြင့်လည်း စီးပွားရေးလုပ်ငန်းရှင်များနှင့် မကြာခဏ ထိတွေ့ပြီး ဖြေလျှော့သွားရမည့်အပိုင်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အနေဖြင့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး လုပ်ငန်းကော်မတီငါးခုအနေဖြင့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို ကဏ္ဍအလိုက် ဆောင်ရွက်ရမည့်အပိုင်းများကို လျင်မြန်စွာ ဆောင်ရွက်ပေးမည်ဆိုပါက များစွာ အဆင်ပြေသွားမည်ဖြစ်ပါကြောင်း၊ အချို့အပိုင်းများမှာမူ ဥပဒေများပြင်ရမည်ဖြစ်၍ အချိန်ကာလတစ်ခုထိ စောင့်ရမည်ကို နားလည်ပေးနိုင်ရန် လိုပါကြောင်း၊ သို့သော် အမြန်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။



**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း အမှာစကားပြောကြားစဉ်**

ပြီးခဲ့သည့် ပထမအကြိမ် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲတွင် တင်ပြခဲ့သည့် တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ နိုင်ငံခြားငွေလဲလှယ်နှုန်းကဏ္ဍ၊ ပို့ကုန်မြှင့်တင်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ ရန်ကုန်မြို့သစ် စီမံကိန်းကဏ္ဍစသည့် ကဏ္ဍငါးရပ်တွင် တင်ပြသည့် အချက် (၂၇)ချက်ပါဝင်ပါကြောင်း၊ ပို့ကုန် မြှင့်တင်ရေးကဏ္ဍတစ်ခုတည်းမှာပင် တင်ပြသည့် အချက် (၂၃)ချက်ရှိပြီး ကျန်ကဏ္ဍ (၄)ခုမှာ တစ်ချက်စီပါဝင်ပါကြောင်း၊ အဆိုပါတင်ပြချက်များကို မြန်ဆန်စွာ အကောင်အထည်ဖော် နိုင်ရန်အတွက် သက်ဆိုင်သည့်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့ကို ပေးပို့ထားပြီး စိစစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်ရာဌာနများကလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ပြီးစီးမှု အခြေအနေကိုလည်း လာမည့် အစည်းအဝေးများတွင် ပြန်လည်ရှင်းလင်းတင်ပြကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်း နှုတ်ခွန်းဆက်စကားပြောကြားစဉ်**

ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးမှာ Infrastructure ပိုင်းသည်လည်း အဓိကဖြစ်သည့်အတွက် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အနေဖြင့် ကြိုးစား အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့်လည်း ဝိုင်းဝန်းကြိုးစားပေးစေလိုကြောင်း၊ မိမိတို့ တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် စီးပွားရေးလုပ်ငန်းရှင်များက တင်ပြသည့် အခက်အခဲများနှင့် အကြံပြုချက်များကို အလေးထားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယနေ့ ဆွေးနွေးပွဲတွင်လည်း လုပ်ငန်းရှင်များဘက်က ပွင့်လင်းမြင်သာစွာဖြင့် ဆွေးနွေးသွားကြရန် ဒုတိယသမ္မတက တိုက်တွန်းပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ဆောက်လုပ်ရေး လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွား လုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက တင်ပြချက်များနှင့် စပ်လျဉ်း၍ ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များအား ချက်ချင်းစီစဉ်ဆောင်ရွက်ပေးပြီး ဒုတိယသမ္မတက သက်ဆိုင်ရာကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်စိုး၊ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**မြိတ် ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြိတ်မြို့သစ်စီမံကိန်း၊ မြိတ်မြို့ ငွေပုလဲစက်မှုဇုန်နှင့် မြိတ်မွေးမြူရေးဇုန်တို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ်(မြိတ်)သို့ သွားရောက်ပြီး တက္ကသိုလ်ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေးဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ **(အောက်ပုံ)**

ယင်းနောက် မြိတ်မြို့ ငွေပုလဲစက်မှုဇုန်နှင့် မြိတ်မွေးမြူရေးဇုန်၊ ကလွင်ကျေးရွာရှိ ဒီရေတောမြေ၊ တာတမံနှင့် လယ်မြေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တပ်ပြင်ရပ်ကွက်ရှိ ဂျပန်သုသာန်(သင်္ချိုင်း)ဟောင်းမြေနေရာကို ကြည့်ရှုစစ်ဆေးကာ မြိတ်မြို့၌ ဂျပန်လူမျိုးများ စိတ်ဝင်တစားလာရောက်လေ့လာနိုင်သည့် တစ်ခုတည်းသောနေရာအဖြစ် ဂျပန်သုသာန်အား ထိန်းသိမ်းပြုပြင်ရေးဆောင်ရွက်ရန် ဝန်ကြီးချုပ်က မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး (ပြန်/ဆက်)**







# မန္တလေးမြို့၌ နိုင်ငံတကာခရီးသွားပြပွဲ ပထမဦးဆုံးအကြိမ်ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၃**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းက ကြီးမှူး၍ မန္တလေးမြို့၌ ပထမဦးဆုံးအကြိမ် ကျင်းပသော Myanmar International Travel Mart 2017 နိုင်ငံတကာခရီးသွားပြပွဲကြီးကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ဒိုင်းမွန်းပလာဇာ ငါးလွှာတွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက်အားပေးပြီး ပြပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးနှင့် မြန်မာခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌတို့က နိုင်ငံတကာပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်များနှင့် ကြိုဆိုနှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက Myanmar International Travel Mart 2017 (Mandalay) ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးများ၊ တက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် Outbound လိုင်စင်ရခရီးသွားကုမ္ပဏီများ၊ ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ၊ ဟိုတယ်များ၊ ပြည်ပဆေးရုံများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့်ကုမ္ပဏီများ၊ ဘဏ်များ၊ Telecom များ၊ ပို့ဆောင်ရေးလုပ်ငန်းများမှ ပြခန်းပေါင်း ၁၂၀ ကျော် ခင်းကျင်းပြသနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြပွဲကြီးကို Diamond Sponsor အဖြစ် Myanmar National Airline (MNA) လေကြောင်းလိုင်း Gold Sponsor အဖြစ် New Motion Travel & Tours Co., Ltd. Silver Sponsor အဖြစ် Unique Asia ခရီးသွားလုပ်ငန်းနှင့် Nice Style ခရီးသွားလုပ်ငန်းတို့က ပံ့ပိုးကူညီပေးထားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

❒ *ကျောဖုံးမှ*

ပြုပြင်ပြောင်းလဲရေးစနစ်၊ စေတနာ့ဝန်ထမ်းများ ပါဝင်ကူညီပေးရမည့် အခန်းကဏ္ဍများအပေါ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

"စေတနာ့ဝန်ထမ်းတွေ အနေနဲ့ ခရီးသည်တွေကို ကူညီပေးရမယ့်အပိုင်းတွေ ဆွေးနွေးတာပါ။ ရန်ကုန်ရဲ့ဘတ်စ်ကားလိုင်းတွေကလည်း ပြောင်းသင့်နေပြီလေ။ စစချင်းတော့ အခက်အခဲတွေရှိမှာပါ။ ဒါတွေကို စေတနာ့ဝန်ထမ်းတွေအပြင် အားလုံးက ပါဝင်ဆောင်ရွက်သွားရမှာပေါ့။ အရင်ပုံစံကြီးကို ကြိုက်မှ မကြိုက်ကြတာ။ စေတနာ့ဝန်ထမ်းတွေကလည်း အခုဆို အလွန်တက်ကြွနေပါတယ်" ဟု စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမည့် ရန်ကုန်စီးပွားရေးတက္ကသိုလ် ကျောင်းသူတစ်ဦးက ပြောသည်။

စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမည့်သူများတွင် လူမှုအခြေပြု ပရဟိတအဖွဲ့များအပြင် ရန်ကုန်မြို့ရှိ တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ ပါဝင်လာကြသည်။ ယင်းအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာမြို့နယ်အလိုက် တာဝန်ရှိသူများကလည်း စေတနာ့ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည်ဟု သိရသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဧမျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ လူမှုအကျိုးပြုပရဟိတအဖွဲ့များ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများနှင့် တက္ကသိုလ်အသီးသီးမှ ကျောင်းသား ကျောင်းသူများ၊ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ဆောင်ရွက်ကြမည့်သူများ တက်ရောက်ခဲ့ကြသည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ အနေဖြင့် ယခင် မ.ထ.သ ၏ စီမံအုပ်ချုပ်နေသော ဘတ်စ်ကားပြေးဆွဲမှုစနစ်ကို စတင်ပြုပြင်ပြောင်းလဲဆောင်ရွက်မည် ဖြစ်ပြီး ယင်းအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများကိုလည်း ဖိတ်ခေါ်ခဲ့သည်။

အဆိုပါ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ဆောင်ရွက်မည့်အပေါ် ရန်ကုန်မြို့အခြေစိုက်ကုမ္ပဏီအချို့ကလည်း ရုံးတက်ချိန် ယာယီပြောင်းလဲသတ်မှတ်ပေးကာ ပူးပေါင်းကူညီပေးကြပြီး ကုမ္ပဏီအချို့ ယာဉ်ပိုင်ရှင်အချို့ကလည်း ၎င်းတို့၏ ယာဉ်များဖြင့် အခက်အခဲဖြစ်ပေါ်နေသော ခရီးသွားများကို ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

✪ *ကျောဖုံးမှ*

ထိုးသတ်မည်ဖြစ်သော်လည်း ပိုလန်ကစားသမားမှာ ဒဏ်ရာကြောင့် နုတ်ထွက်သွားသောကြောင့် အောင်လအန်ဆန်က အစားထိုးယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ယခုနှစ်အတွင်း ကမ္ဘာ့ချန်ပီယံလုပွဲထိုးသတ်ခွင့်ရမည်ဖြစ်သော်လည်း ပိုလန်ကစားသမား၏ ဒဏ်ရာကြောင့် စောစီးစွာထိုးသတ်ခွင့်ရခဲ့ခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် MMA ပြိုင်ပွဲ ၂၉ ပွဲမြောက် ယှဉ်ပြိုင်ထိုးသတ်ခြင်း ဖြစ်ပြီး ထိုးသတ်ပြီးသည့် ၂၈ ပွဲတွင် ၁၉ ပွဲနိုင်၊ ၉ ပွဲ ရှုံးနိမ့်ထားသည်။

အောင်လအန်ဆန်နှင့်ထိုးသတ်မည့် ဗစ်တာလီသည် ရှစ်ပွဲထိုးသတ်ရာတွင် ရှစ်ပွဲစလုံး အနိုင်ရထားပြီး အောင်လအန်ဆန် အနေဖြင့် ကမ္ဘာ့ချန်ပီယံဖြစ်ရန် ၎င်းကို ပထမဆုံး ရှုံးပွဲကြုံတွေ့စေရန် ကြိုးပမ်းရမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၁၆ ခုနှစ်က ထိုးသတ်ခဲ့သည့် သုံးပွဲစလုံး အနိုင်ရအောင် စွမ်းဆောင်နိုင်ခဲ့သည်။ အောင်လအန်ဆန်သည် မတ်လတွင် အီဂျစ်နိုင်ငံသား မိုဟာမက်အလီ၊ ဇူလိုင်လတွင် ရုရှားနိုင်ငံသား ဘူတိုရင်၊ အောက်တိုဘာလတွင် ပိုလန်နိုင်ငံသား ပတ်စတာနက်ခ်တို့ကို အနိုင်ရထားပြီး မိုဟာမက်အလီ၊ ပတ်စတာနက်ခ်တို့နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့်ပွဲများကို ရန်ကုန်မြို့တွင် ထိုးသတ်ခဲ့ခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ကစားသမားဘဝ ပထမဆုံး ထိုးသတ်မည့် MMA ပြိုင်ပွဲ ကမ္ဘာ့ချန်ပီယံလုပွဲတွင် အနိုင်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်နိုင်ရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့သည်။ အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို Skynet Sports-3 ရုပ်သံလိုင်းမှ ပြသမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# မြန်မာ့တိုင်းရင်းဆေးအမွေ ဝိုင်းဝန်းထိန်းသိမ်းတိုးတက် ဖော်ဆောင်မလေ

သက်နှင်းဦး (တိုင်းရင်းဆေးပညာဦးစီးဌာန)
ဓာတ်ပုံ-နီနီရှိန်(မကွေး)

မြန်မာ့တိုင်းရင်းဆေးပညာ ရေရှည်တည်တံ့ခိုင်မြဲရန်၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များ၏ အရည်အချင်းနှင့် ဂုဏ်သိက္ခာ အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်၊ မြန်မာ့ တိုင်းရင်းဆေးပညာ စနစ်တကျဖွံ့ဖြိုးတိုးတက်ပြန့်ပွားရန်အတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ၂၀၀၀ပြည့်နှစ်မှ စတင်၍ နှစ်စဉ်မပျက် ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် (၁၇) ကြိမ်မြောက်ရှိပြီ ဖြစ်ပါသည်။ (၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကို ဇန်နဝါရီ ၁၈ နှင့် ၁၉ ရက်များတွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟို ဌာန -၂ (MICC-2) ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရအနေအနေဖြင့် ယင်းကဲ့သို့ မြန်မာ့တိုင်းရင်းဆေးညီလာခံနှင့် နီးနှောဖလှယ်ပွဲများ ပြုလုပ်ပေးခြင်းဖြင့် တိုင်းရင်းဆေးကို အားပေးချီးမြှောက်ရာဖြစ်သကဲ့သို့ တိုင်းရင်းဆေးသမားတော်ကြီးများ တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများ ပညာများ နီးနှောဖလှယ်ဆွေးနွေးခြင်းဖြင့် အစွမ်းထက်မြက်သော တိုင်းရင်းဆေးစွမ်းကောင်းများ၊ တိုင်းရင်းဆေးကုထုံးများနှင့် တိုင်းရင်းဆေးလောကအတွက် တိုးတက်ရာလမ်းကြောင်းများ ဖော်ဆောင်လာနိုင်မည် ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာနိုင်ငံတွင် လူသားများပေါ်ပေါက်နေထိုင်မှုနှင့်အတူ ပေါ်ပေါက်ခဲ့ပြီး မြန်မာတို့၏ ယဉ်ကျေးမှုသမိုင်းတစ်လျှောက်တွင် ကိုယ်ပိုင်အတွေးအခေါ် အယူအဆတို့ဖြင့် အစဉ်အလာကြီးမားစွာ သီးသန့်ဖြစ်ထွန်းရပ်တည်ခဲ့သော ပညာရပ်ကြီး တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တည်ရှိနေပါသည်။ ဘုရားရှင်လက်ထက် သမားတော်ကြီး ဆရာဇီဝကသည် ဆေးဖက်မဝင်သော အပင်မရှိဟု ဉဒါန်းကျူးရင့်နိုင်သည်အထိ ဆေးပင်ဆေးဝါးများ၏ ဆေးဖက်အသုံးဝင်ပုံ အသုံးပြုပုံတို့ကို ကျွမ်းကျင်ပိုင်နိုင်စွာ သိရှိကုသခဲ့ပါသည်။

တကောင်းခေတ်၊ သရေခေတ္တရာခေတ်၊ ပုဂံခေတ်၊ ပင်းယခေတ်များတွင် မိမိတို့သည် မိမိတို့၏ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ရပ်တည်ခဲ့ကြောင်း အခိုင်အလုံ သိရှိရပါသည်။ အင်းဝခေတ် (အေဒီ ၁၃၆၄-၁၅၅၅)တွင် တိုင်းရင်းဆေးပညာနှင့် သက်ဆိုင်သော ခိုင်လုံသော မှတ်တမ်းများ စတင်တွေ့ရှိလာခဲ့ပါသည်။

ကုန်းဘောင်ခေတ် (အေဒီ ၁၇၅၂-၁၈၈၅)သည် နှစ်ပေါင်း (၁၃၃)နှစ်ခန့် ရှည်လျားခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘာသာရေးတို့တွင်လည်း အခြားခေတ်များနှင့်မတူ တိုးတက်ခဲ့သည့်အလျောက် တိုင်းရင်းဆေးပညာနှင့် ဆေးကျမ်းများလည်း အဆင့်အတန်းမြင့်မားလာခဲ့သည်ကို တွေ့ရှိရပြီးဖြစ်သည်။ ဆေးကျမ်းဓာတ်ကျမ်းများ၊ သမားစဉ်ကုထုံးကျမ်းများပေါ်ထွက်လာခဲ့ပါသည်။

ရတနာပုံခေတ်တွင်လည်း ဘေသဇ္ဇမဉ္ဇူသာရဆေးကျမ်းကို သက္ကတဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုခြင်း၊ ကာယာနုပဿနာကျမ်းနှင့် ဥတုဘောဇန သင်္ဂဟဆေးကျမ်းများ ပြုစုရေးသားခြင်းတို့ကို ဆောင်ရွက်ခဲ့သည့်အပြင် တောင်သာနည်းခေါ် ခြောက်လုံးကောက်ဆေးပညာကို တောင်သာဆရာကြီး ဆရာမှုန့်မှ တီထွင်ခဲ့ပါသည်။ ယင်းဆေးပညာသည် မြန်မာ့တိုင်းရင်းဆေးပညာ ဒေသနာနယ စစ်စစ်ပင်ဖြစ်ပါသည်။ ထို့အပြင် ရှေးမြန်မာသမားတော်ကြီးများသည် မိမိတို့၏ မျိုးရိုးစဉ်ဆက် ဆေးနည်းနှင့် ကုထုံးအသီးသီးတို့ကို လက်ဆင့်ကမ်း သယ်ဆောင်ခဲ့သောကြောင့် ရိုးရာအမွေအနှစ်တစ်ခုအဖြစ် ယနေ့တိုင် စနစ်တကျ တည်ရှိနေခြင်းဖြစ်ပါသည်။


တိုင်းရင်းဆေးနည်းဖြင့် ဆေးကုနေစဉ်

သီပေါမင်း (အေဒီ ၁၈၇၈-၁၈၈၅) လက်ထက်၌ တိုင်းရင်းဆေးပညာအပြင် အနောက်တိုင်းဆေးပညာဖြင့်လည်း ကုသသည့် အနေအထားရှိခဲ့ပါသည်။ ကိုလိုနီခေတ်တွင် ရဟန်းများနှင့် ပုဂ္ဂိုလ်များသည် တိုင်းရင်းဆေးတိမ်ကောပပျောက်မသွားစေရန် မြန်မာ့တိုင်းရင်းဆေးကျမ်းကို ပြုစုခဲ့ကြသည်။ အင်္ဂလိပ်လက်အောက် ကျရောက်စဉ်ကာလတွင် တိုင်းရင်းဆေးပညာ တတ်ကျွမ်းသူများ နည်းပါးလာပြီး ဆရာတု-ဆရာယောင်များသာ ပေါ်များလာခဲ့ပါသည်။ ဂျပန်ခေတ်တွင် ဆေးရုံ ဆေးခန်းများ မလုံလောက်၍မြို့ပြနှင့် ကျေးလက်ဒေသများပါမကျန် မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု ကျန်းမာရေးကို တာဝန်ယူခဲ့ကြရပါသည်။

စစ်ပြီးခေတ်မှစ၍ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံတော်အစိုးရအဆက်ဆက်မှ အားပေးကူညီချီးမြှောက်ခဲ့ပါသည်။ လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတစ်ဝန်းတွင် ဆေးရုံဆေးခန်းများ ဖွင့်လှစ်ပေးခြင်း၊ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုကို ၂၀၀၁ ခုနှစ်မှစ၍ မန္တလေးတွင် တည်ထောင်ဖွင့်လှစ်ပေးခြင်း၊ တိုင်းရင်းဆေးဝါးများကို GMP စနစ်နှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် စက်ရုံတည်ဆောက်နိုင်ရန်နှင့် စက်ပစ္စည်းများဝယ်ယူနိုင်ရန် ဘတ်ဂျက်များ ခွဲဝေချထားပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည့် အပြင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နိုင်ငံတော်အဆင့်အနေဖြင့် ကျင်းပပေးလျက် ရှိပါသည်။

ထိုသို့ နိုင်ငံတော်အကြီးအကဲများ၏ အားပေးချီးမြှောက်မှု၊ တိုင်းရင်းဆေးလောကမှ သမားတော်ကြီးများ၏ လက်ဆင့်ကမ်းသယ်ဆောင်မှု၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန၏ ကြိုးပမ်းအားထုတ်မှုများဖြင့် တိုင်းရင်းဆေးလောကကြီး ယခုကဲ့သို့ အစွန့်ရှည်တည့်တံ့နေခြင်းဖြစ်ပါသည်။

သို့အတွက်ကြောင့် တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးရုံနှင့် ဆေးခန်းများအပြင် တိုင်းရင်းဆေးတက္ကသိုလ်တစ်ခု ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ပြီး ပြည်သူတို့၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် တစ်ဖက်တစ်လမ်းမှ စောင့်ရှောက်ပေးလျက်ရှိပါသည်။ တိုင်းရင်းဆေးပညာဦးစီးဌာန အနေဖြင့် ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း လုပ်ငန်းများအပြင် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများကို စနစ်တကျဖြစ်အောင် ဆောင်ရွက်ခြင်းနှင့် ပြည်သူလူထုများ ဘေးအန္တရာယ်ကင်းရှင်းအောင် တိုင်းရင်းဆေးဝါးများ သုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ခြင်း၊ မြန်မာ့ပရဆေးပင်များကို စာရင်းပြုစုခြင်း၊ ရုက္ခဗေဒအမည်ရှာဖွေဖော်ထုတ်မှတ်တမ်းတင်ခြင်း၊ တိုင်းရင်းဆေးဆိုင်ရာအသိပညာပေးဟောပြောခြင်း၊ တိုင်းရင်းဆေး သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ရေဒီယိုအသံလွှင့်အစီအစဉ်များ ထုတ်လွှင့်ခြင်း၊ ASEAN နိုင်ငံများမှ ဆောင်ရွက်လျက်ရှိသော တိုင်းရင်းဆေးဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ နိုင်ငံတကာနှင့်ဆက်သွယ်ဆောင်ရွက်ခြင်း၊ တန်ဖိုးထားအပ်သည့် ရှေးဟောင်းအမွေအနှစ် မြန်မာ့တိုင်းရင်းဆေးပညာရပ်များအား တိမ်မြုပ်ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း ၊ တိမ်မြုပ်ပျောက်ကွယ်နေသော အဖိုးတန်ပညာရပ်များကို ရှေးဟောင်းပေ၊ ပုရပိုက်များမှ မူရင်းတိုင်းရင်းဆေးစာပေများကို အီလက်ထရွန်နစ် မှတ်တမ်း၊ စာအုပ်မှတ်တမ်းများအဖြစ် မှတ်တမ်းတင်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိပါသည်။

ယနေ့ခေတ် အချိန်အခါသည် နည်းပညာများဖွံ့ဖြိုးတိုးတက်နေပြီး ဆက်သွယ်ရေးလမ်းကြောင်းများ အထူးလျင်မြန်ကောင်းမွန်နေသော အချိန်ကာလဖြစ်သည့်အားလျော်စွာ မြန်မာ့တိုင်းရင်းဆေးပညာကိုလည်း အတွေ့အကြုံအခြေပြု ဆေးပညာရပ်အဖြစ်မှ အထောက်အထားအခြေပြုဆေး ပညာရပ်အဖြစ် နိုင်ငံတကာတွင် မှတ်ကျောက်အတင်ခံနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည့် အချိန်ကာလ ဖြစ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးသမားတော်များသည်လည်း မိမိတို့တတ်စွမ်းသည့် ဆေးပညာဖြင့် နိုင်ငံအကျိုး၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ကြဖို့လိုပါသည်။ နိုင်ငံတကာ အဆင့်မီ မြန်မာ့တိုင်းရင်းဆေးဖြစ်လာစေရန်နှင့် မြန်မာ့တိုင်းရင်းဆေးပညာကို အတွေ့အကြုံအခြေပြု(Experience based)မှ သက်သေအခြေပြု (Evidance based)အဖြစ်သို့ ပြောင်းလဲနိုင်ရန် တိုင်းရင်းဆေးသုတေသနလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကြဖို့လိုပါသည်။

မြန်မာ့တိုင်းရင်းဆေးပညာနှုန်းမီစံကိုက်ဖွံ့ဖြိုးတိုးတက်ထွန်းကားပြန့်ပွားလာရေး၊ တိုင်းရင်းဆေးပညာနိုင်ငံတကာနှင့် အညီအဆင့်အတန်းမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုကို စောင့်ရှောက်မှုပေးရာတွင် အစွမ်းထက်မြက်သည့် မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများ၊ ကုထုံးနည်းစနစ်များပေါ်ထွက်လာရေးအတွက် ကျန်းမာရေးနှင့်အား


မကွေးတိုင်းဒေသကြီး ခုတင် ၅၀ ခန့် တိုင်းရင်းဆေးရုံကိုတွေ့ရစဉ်

ကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် အခြားမြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံးကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း လိုအပ်လှပါသည်။

ယခု (၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကြီးကို မြန်မာ့တိုင်းရင်းဆေးလောကဘက်စုံအဆင့်အတန်းမြင့်မားရေးနှင့် မြန်မာ့တိုင်းရင်းဆေးပညာအရည်အသွေးတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့၏ ကျင့်ဝတ်သိက္ခာမြင့်မားရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများ၏ ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး၊ မြန်မာ့တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့တိုင်းရင်းဆေးဝါးများ ပိုမိုကောင်းမွန်လာစေရေး ရည်ရွယ်ချက်များဖြင့် ကျင်းပကြတော့မည် ဖြစ်ပါသည်။

ယခုချိန်ခါကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် သမားတော်များစုံညီ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကြီးတွင် တိုင်းရင်းဆေးသမားတော်များကလည်း သိမ်မွေ့နက်နဲသည့် မြန်မာ့တိုင်းရင်းဆေးပညာရပ်များ၊ ကုထုံးများ၊ အဖိုးမဖြတ်နိုင်သည့် ဆေးကျမ်းစာပေများ၊ အစွမ်းအာနိသင်ထက်မြက်သည့် ဆေးဝါးများ၏ အနှစ်သာရ အဆီအနှစ်များကို စုစည်းပြီး အမျိုးသားအမွေအနှစ် ပညာရပ်အဖြစ် ဖြစ်ထွန်းလာစေရန် စုပေါင်းစွမ်းအားဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်ပါသည်။

ယခု(၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံက ရရှိသည့် အကျိုးရလဒ်ကောင်းများကို အခြေခံပြီး မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားပြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲစေရန် အားထုတ်သွားရင်းဖြင့် နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားဖြစ်ထွန်းရေးအတွက် မိမိတို့တတ်စွမ်း ကျွမ်းကျင်သည့် မြန်မာ့တိုင်းရင်းဆေးပညာ အစွမ်းပကားဖြင့် ဆက်လက်ကြိုးပမ်းမြှင့်တင် စွမ်းဆောင်သွားကြရန် လိုပါသည်။

ယခင်ကျင်းပပြီးမြောက်ခဲ့သော မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတို့မှ ညှိနှိုင်းဆွေးနွေးဖလှယ်ခဲ့ကြသည့် မြန်မာ့တိုင်းရင်းဆေးပညာနှင့် ရလဒ်များကို ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှု အကျိုးပြုနယ်ပယ်များနှင့်တိုင်းရင်းဆေးပညာဖွံ့ဖြိုးတိုးတက်ရေးတွင် ပြန်လည်အသုံးချနိုင်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍအတွက် အကျိုးဖြစ်ထွန်းနေသည်ကို တွေ့မြင်နေကြရပါသည်။

(၁၇) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာ့တိုင်းရင်းဆေးပညာလောက၏ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ ဖွံ့ဖြိုးတိုးတက်လာစေရန် တိုင်းရင်းဆေးပညာရှင်များ စာအုပ်၊ စာပေ၊ ကြော်ငြာများ၏ ကျင့်ဝတ်ဆိုင်ရာများ၊ တိုင်းရင်းဆေးနှင့်ပတ်သက်သည့် မူပိုင်ခွင့်နှင့် Nagoya protocol ဆိုင်ရာကိစ္စရပ်များ၊ တိုင်းရင်းဆေးသုတေသနကိစ္စရပ်များနှင့်အတူ တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍတွင် ကျင့်ဝတ်နှင့်ညီ၍ ကောင်းမွန်သောထုတ်လုပ်မှုကျင့်စဉ်များနှင့်အညီ ဖော်ဆောင်နိုင်ရန်အတွက် အဆိုပြုခြင်း၊ ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြမည် ဖြစ်ပါသည်။

တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ၌လည်း တိုင်းရင်းဆေးဝါးထုတ်လုပ်ခြင်းနှင့် ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (GMP)အကြောင်းနှင့် တိုင်းရင်းဆေးဆိုင်ရာ အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် (Intellectual property Right) နှင့် နာဂိုယာသဘောတူညီချက် (Nagoya Protocol)တို့ကို ထည့်သွင်းဆွေးနွေး အမြင်ခြင်းဖလှယ်ကြမည် ဖြစ်ပါသည်။

နှစ်စဉ်ကျင်းပလာသော မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံသည် ယခု(၁၇)ကြိမ်မြောက်တိုင် ရောက်ရှိကျင်းပနိုင်ခြင်းအားဖြင့် တိုင်းရင်းဆေးသမားတော်များ၏ အတွေ့အကြုံအသိအမြင်များ ဖလှယ်နိုင်ခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ အရည်အသွေးမြင့်မားလာရန်နှင့် မြန်မာ့တိုင်းရင်းဆေးအပေါ် ပြည်သူတို့၏ ယုံကြည်အားထားမှု ပိုမိုရရှိလာရန် အထောက်အကူဖြစ်နိုင်ခြင်း၊ အရည်အသွေး ကောင်းမွန်သည့် မြန်မာ့တိုင်းရင်းဆေးဝါး ထုတ်လုပ်မှုအရေအတွက် တိုးတက်ကောင်းမွန်လာခြင်းစသည့် အကျိုးကျေးဇူးများ ရရှိလာခဲ့ကြပါသည်။

မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာရပ်၏ ရေရှည်တည်တံ့ခိုင်မာမှုနှင့် အတူ နိုင်ငံတကာတွင် မြန်မာ့တိုင်းရင်းဆေးပညာရပ်ကို တင့်တင့်တယ်တယ် ပေါ်ပေါက်စေရေးအတွက် မြန်မာ့တိုင်းရင်းဆေးသမားတော်များနှင့် နီးနွယ်နေသော ပုဂ္ဂိုလ်များအားလုံးက လုံ့လစိုက်ထုတ်ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ မိမိတို့၏ မြန်မာ့တိုင်းရင်းဆေးပညာကို လေးစားတန်ဖိုးထားပြီး နည်းလမ်းတကျ ဖွံ့ဖြိုးတိုးတက်လာစေရန် မြန်မာ့တိုင်းရင်းဆေးသမားတော် အပေါင်းတို့ ညီညာဖြဖြ ဝိုင်းဝန်းကြိုးပမ်းကြမည်ဆိုပါက မဝေးလှသော အနာဂတ်တွင် မြန်မာ့တိုင်းရင်းဆေးပညာပိုမို ထွန်းလင်းတောက်ပလာမှုကို မြင်တွေ့ကြရမည် ဖြစ်ပါသည်။

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာ့တိုင်းရင်းဆေးပညာနှင့် နီးနှောဖလှယ်ပွဲများသည် မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ ဖြောင့်မတ်မှန်ကန်မှု၊ မိမိတို့၏ မြန်မာ့တိုင်းရင်းဆေးပညာအား လေးစားတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်လိုမှု၊ နည်းမှန်လမ်းမှန်ဖြင့် တိုးတက်စေလိုမှုနှင့် စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံသစ်၊ ဉာဏ်သစ်များ၊ အတွေးအခေါ်များ၊ ဖော်ဆောင်ပေးမည့် (၁၇)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကြီးအား ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဤဆောင်းပါးကို ရေးသားတင်ပြလိုက်ရပါသည်။

# မစ္စ ရန်ဟီလီနှင့်အဖွဲ့ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံ

**ရန်ကုန် ဇန်နဝါရီ ၁၃**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးအစီရင်ခံစာ တင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(ရန်ကုန်) (NRPC) သို့ သွားရောက်၍ ငြိမ်းချမ်းရေးကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မစ္စ ရန်ဟီလီက ငြိမ်းချမ်းရေးကော်မရှင်၏ ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ဒုတိယအကြိမ် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် သိရှိလိုသည်များကို မေးမြန်းရာ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ သွားရောက်၍ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေများနှင့် ကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။ **(ယာပုံ)**

ထို့နောက် မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်၍ ပြစ်ဒဏ်ကျခံနေရသူတစ်ဦးနှင့် တရားရုံး၌ တရားရင်ဆိုင်နေရသူနှစ်ဦးတို့အား သီးခြားတွေ့ဆုံပြီး သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

**သတင်း-ဇော်ကြီး(ပဏီတ)**
**ဓာတ်ပုံ-ရဲထွဋ် (သတင်းစဉ်)**



# သူငွေးရေအားလျှပ်စစ်စီမံကိန်း ၄၃ ရာခိုင်နှုန်းနီးပါးပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရခိုင်ပြည်နယ် သံတွဲခရိုင် သံတွဲမြို့ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့်အကွာ မိုင် ၇၀ ခန့် ရှည်လျားသည့် သူငွေးချောင်းပေါ်၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးက သူငွေးရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုလက်ရှိတွင် စီမံကိန်းတစ်ခုလုံး၏ ၄၂ ဒသမ ၇၃ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၃ ရက်က ပြုလုပ်သည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ခြင်းအခမ်းအနားမှ သိရသည်။

အဆိုပါစီမံကိန်းမှ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၈၆ ကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်လုပ်ဖြန့်ဖြူးသွားရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် လျာထားကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမြသူရက ပြောကြားသည်။

" စီမံကိန်းမှာ ပင်မတမံလုပ်ငန်း၊ ရေပိုလွှဲလုပ်ငန်း၊ ရေယူအဆောက်အအုံလုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်လုပ်ငန်း၊ ရေထိန်းတံခါးပြွန်လုပ်ငန်း၊ ရေလွှဲဥမင်လိုဏ်အထွက်မြောင်းလုပ်ငန်း၊ ဖိအားမြင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံလုပ်ငန်းနဲ့ ဆွစ်ယာဒ်လုပ်ငန်းတွေကို အဓိကတည်ဆောက်ရေးလုပ်ငန်းတွေအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ ကုန်ကျစရိတ်ကတော့ ကျပ်သန်းပေါင်း ၃၅၄၆၀၁ ဒသမ ၂၅ ခန့်နဲ့ နိုင်ငံတော်ရဲ့ နှစ်အလိုက် ခွင့်ပြုရန်ပုံငွေအရ စီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းကဆက်လက်ပြောကြားသည်။

ပင်မတမံအပါအဝင် ရေအားလျှပ်စစ်အဆောက်အအုံများ ဆောက်လုပ်နိုင်ရန် ပထမဆုံးမြစ်ရေလွှဲရမည်ဖြစ်သည့်အတွက် မြစ်ရေလွှဲခြင်းလုပ်ငန်းများနှင့်သက်ဆိုင်သည့် ရေလွှဲဥမင်လိုဏ်တူးဖော်ခြင်းများကို ဆောင်ရွက်လျက်ရှိနေပြီး ဥမင်လိုဏ် အမှတ်(၁)နှင့် အမှတ်(၂)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်းက တိုးလျှိုပေါက်ဖောက်လုပ်ပြီးစီးခဲ့ကြောင်း၊ ယခုလက်ရှိတွင် ဥမင်လိုဏ်ခိုင်ခံ့မှုများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေလွှဲဥမင်လိုဏ်များ ပြီးစီးပါက ရေတားတမံနှင့်ပိတ်ပြီး မြစ်ရေလွှဲခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး မြစ်ရေလွှဲပြီးပါက ပင်မတမံကြီးအားဖို့၍ ဓာတ်အားပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကပြောပြသည်။

"ဝန်ကြီးဌာန အနေနဲ့ကတော့ ရေအားလျှပ်စစ်စီမံကိန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ ပတ်ဝန်းကျင်နဲ့ လူမှုစီးပွားထိခိုက်မှုဆန်းစစ်လေ့လာခြင်းကို စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းရဲ့ပတ်ဝန်းကျင်နဲ့ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ချက်ကိုလည်း ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ဌာနတွင်းဝန်ထမ်းတွေနဲ့ သက်ဆိုင်ရာဒေသအုပ်ချုပ်မှုအဖွဲ့အစည်းတွေနဲ့ပူးပေါင်းပြီး ၂၀၀၈ ခုနှစ်ကစတင်ကာ အချက်အလက်တွေ စုဆောင်းတာကို ဆောင်ရွက်ခဲ့ပြီး ၂၀၁၁ ခုနှစ်မှာ အစီရင်ခံစာကို အပြီးသတ်ပြုစုခဲ့ပြီးတော့ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ဦးမြသူရက ပြောသည်။

သူငွေးရေအားလျှပ်စစ် စီမံကိန်း ဆောင်ရွက်ရာတွင် နည်းပညာပိုင်းဆိုင်ရာ လုပ်ငန်းများကို နော်ဝေနိုင်ငံ Norwegian Water Resources and Energy Directorate (NVE) အဖွဲ့အစည်း၏ အထောက်အပံ့ဖြင့်လည်းကောင်း၊ မြို့ပြဆိုင်ရာတည်ဆောက်မှုလုပ်ငန်းများကို နိုင်ငံတော်ရန်ပုံငွေဖြင့်လည်းကောင်း၊ စက်မှုနှင့်လျှပ်စစ်ပိုင်းဆိုင်ရာတပ်ဆင်ခြင်း လုပ်ငန်းများကို တရုတ်နိုင်ငံ EXIN BANK ချေးငွေဖြင့်လည်းကောင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာနအနေနဲ့ လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနမှာ နိုင်ငံတော်မှာရှိတဲ့ ရေအားအရင်းအမြစ်တွေမှာစူးစမ်းတယ်။ လေ့လာတိုင်းတာတယ်။ ဒီဇိုင်းပုံစံရေးဆွဲတယ်။ ပြီးတော့ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်ရဲ့ စီးပွားရေးတိုးတက်လာတာနဲ့အမျှ ပြည်သူတွေရဲ့ ဓာတ်အားသုံးစွဲမှုပမာဏမြင့်တက်လာတဲ့အတွက် ပြည်သူတွေရဲ့ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအနေနဲ့လည်း အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်" ဟု ဦးမြသူရက ပြောသည်။

သူငွေးရေအားလျှပ်စစ် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက ရခိုင်ပြည်နယ်အပါအဝင် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-သိမ့်သိမ့်မိုး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**



ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ သူငွေးရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်

# အင်္ဂလိပ်စာအထူးပြုသင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ရန်ကုန်မြို့ရှိ အမေရိကန်သံရုံးတို့ပူးပေါင်း၍ မဲခေါင်မြစ် အောက်ပိုင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Lower Mekong Initiative-LMI) အရ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနစုမှူး-၂ အဆင့်ရှိ အရာထမ်းငယ်များအတွက် အင်္ဂလိပ်စာအထူးပြုသင်တန်း (၁၀/၂၀၁၇)ကို နိုင်ငံခြားဝန်ကြီးဌာန နေပြည်တော်၌ ဇန်နဝါရီ ၂ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ပြီး သင်တန်းသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာထမ်းငယ် ၂၂ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ သင်တန်းတွင် English Language Fellows (ELF) Program ၏ နည်းပြဆရာ Professor Philip Stanley Owen က သံတမန် ရေးရာဘာသာရပ်များနှင့်ပတ်သက်သည့် လက်တွေ့အသုံးချ အင်္ဂလိပ်စာအသုံးပြုမှုကို လေ့လာသင်ကြားပေးခြင်းအပြင် သတင်းအချက်အလက်များ၊ အကျဉ်းချုပ်ရေးသားနည်းများ၊ မေးခွန်းများနှင့် အစီရင်ခံစာရေးသားနည်းများ၊ နားထောင်မှုစွမ်းရည်နှင့် ကြောင်းကျိုးဆက်စပ်တွေးခေါ်မှုစွမ်းရည်များ မြင့်မားတိုးတက်စေရန်တို့ကို ကိုးရက်တာ လေ့ကျင့်သင်ကြားခဲ့သည်။ **(သတင်းစဉ်)**

# တပ်ကုန်းမြို့နယ်၌ ဟင်းသီးဟင်းရွက်စိုက်ခင်းအတွင်း ဥကပ်ပါးနဂျီများ လွှတ်

**တပ်ကုန်း ဇန်နဝါရီ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် နွယ်ရစ်ကျေးရွာအုပ်စု နွယ်ရစ်ကျေးရွာ၌ ဇန်နဝါရီ ၁၃ ရက် နံနက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာန(ခွဲ)က ဟင်းသီးဟင်းရွက်စိုက်ခင်းများအတွင်း အကျိုးပြုကပ်ပါးပိုး ဥကပ်ပါး နဂျီ (Trichograma SPP)လွှတ်ပွဲကို တောင်သူ ဦးဖဲ၏ ပန်းဂေါ်ဖီစိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ နေပြည်တော်တိုင်း သီးနှံကာကွယ်ရေးတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြမြလွင်က ပိုးသတ်ဆေးများအကြောင်း ပြောကြားပြီး ပဋိဇီဝဓာတ်ခွဲခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက ဥကပ်ပါး နဂျီများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ၊ ပဋိဇီဝဓာတ်ခွဲခန်းတာဝန်ခံ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်း ၂၅ ဦးတို့က ဥကပ်ပါး နဂျီအကောင်ရေ ၁၀ သိန်း (၂၅ ကေစာ)ကို တောင်သူများနှင့်အတူ ဟင်းသီးဟင်းရွက်စိုက်ခင်းအတွင်း လွှတ်ပေးခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**



## အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်းရေးရန်ပုံငွေသို့ ပြည်သူများ ငွေသားဖြင့် ထည့်ဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ ၁၀-၁-၂၀၁၇ ရက်စွဲပါ ကြေညာချက်အမှတ် (၁/ ၂၀၁၇) ဖြင့် ငြိမ်းချမ်းရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များတွင် ပြည်သူများ၏ ပါဝင်မှုရရှိစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ ငွေစုဘဏ်စာရင်း SF-004048 သို့ ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း(၁၀-၁-၂၀၁၇) ရက်နေ့က ထုတ်ပြန်ကြေညာခဲ့သည်။

ယခုအခါ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ငြိမ်းချမ်း ရေးရန်ပုံငွေသို့ ထည့်ဝင်လှူဒါန်းမှုများကို ဝမ်းမြောက်ဖွယ် လက်ခံရရှိလျက်ရှိကြောင်း သိရသည်။

ငွေသားဖြင့် လှူဒါန်းလိုသူများ ပိုမိုလွယ်ကူအဆင်ပြေစေရန်အတွက် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲ၊ စာရင်းရှင်ငွေစာရင်း၊ CF-003434 ကို ဖွင့်လှစ်ထားရှိပြီး ယင်းငွေစာရင်းသို့လည်း ငွေသားဖြင့် ထည့်ဝင်လှူဒါန်းနိုင် ပါကြောင်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

## KIA လက်နက်ကိုင်အဖွဲ့၏ တပ်မဟာ (၅)၊ တပ်ရင်း(၃) ဌာနချုပ် ငကျန်စခန်းအပါအဝင် စခန်းသုံးခုအား တပ်မတော်စစ်ကြောင်းများက ထပ်မံသိမ်းပိုက်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

KIA တပ်မဟာ(၅)၊ တပ်ရင်း (၃) ဌာနချုပ်၊ ငကျန်စခန်းအပါအဝင် စခန်းသုံးခုအား တပ်မတော်စစ်ကြောင်းများက ယနေ့နံနက်ပိုင်းတွင် သိမ်းပိုက်ရရှိခဲ့ကြောင်း သိရသည်။

၂၀၁၆ ခုနှစ် ဒီဇင်ဘာနှင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလများတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်အတွင်း KIA လက်နက်ကိုင်အဖွဲ့၏ ဂီဒုန်စခန်း၊ ပွိုင့်-၇၆၈ လိုင်ဖောင်စခန်းနှင့် အနီးပတ်ဝန်းကျင်စခန်းများအား တပ်မတော်စစ်ကြောင်းများက သိမ်းပိုက်ရရှိခဲ့ပြီးနောက် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ ပွိုင့်-၇၆၈ စခန်း၏ အရှေ့တောင်ဘက် ၅ မိုင်ခန့်အကွာရှိ KIA တပ်ရင်း (၃ )ဌာနချုပ် ငကျန်စခန်း အပါအဝင် စခန်းသုံးခုအား သိမ်းပိုက်ရရှိခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် KIA လက်နက်ကိုင် အဖွဲ့ထံမှ အလောင်းအချို့၊ လက်နက်မျိုးစုံ လေးလက်အပါအဝင် ခဲယမ်းမျိုးစုံ အတောင့် ၁၅၀၀၊ ကျည်အိမ်မျိုးစုံ ၆၀၀ ခန့်နှင့် ဗုံးသီးမျိုးစုံ အလုံး ၅၀ လုံးခန့်အား သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်စစ်ကြောင်းများမှ စစ်သည်တချို့ နိုင်ငံတော်အတွက် အသက်စွန့်လှူတ်ခဲ့ရကာ အချို့ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



## သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာ၌ မီးလောင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မောင်တောမြို့နယ် သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာ၌ ယနေ့နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားပြီး နေအိမ်နှစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

သက္ကယ်ပြင်ကျေးရွာအုပ်စု အရှေ့ရွာနေ ဟာဘီဆော်လမ်၏ နေအိမ်၌ ယနေ့ နံနက် ၅ နာရီခွဲက မီးဖိုချောင်မှတစ်ဆင့် မီးစတင်လောင်ခဲ့ပြီး အနီးရှိ မဟာဇာရာခါတူ၏ နေအိမ်သို့ ကူးစက်လောင်ခဲ့ရာ အနီးပတ်ဝန်းကျင်ရှိ ရွာသားများ၏ ဝိုင်းဝန်းမီးငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဥပဒေအရ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောမြို့နယ် တုံးချောင်း(ချောင်းဝ)ကင်းစခန်းအနီး ပင်လယ်ကမ်းစပ်၌ အမျိုးသားအလောင်းတစ်လောင်းတွေ့ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မောင်တောမြို့နယ် တုံးချောင်း(ချောင်းဝ)ကင်းစခန်းမှ ရဲကင်းမှူး ဦးစီးအဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲက ကင်းစခန်း၏ အနောက်မြောက်ဘက် မီတာ ၃၀၀ ခန့် အကွာ၌ ပုပ်ပွနေသည့် အလောင်းတစ်လောင်းအား တွေ့ရှိခဲ့ကြောင်း သိရသည်။

ရဲကင်းမှူး ဦးစီးလုံခြုံရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကင်းစခန်း၏ အနောက်မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာ ပင်လယ်ကမ်းစပ်၌ အမည်မသိ ပုပ်ပွနေသော အမျိုးသားအလောင်း တစ်လောင်းကို ပြင်ပဒဏ်ရာတစ်စုံတစ်ရာ မတွေ့ရှိဘဲ မှောက်လျက်အနေအထားဖြင့် တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအလောင်းကို သက်သေများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး မောင်တောမြို့နယ် ပြည်သူ့ဆေးရုံသို့ပို့ဆောင်ကာ ဓမ္မတာအတိုင်းသေဆုံးခြင်း ဟုတ်၊ မဟုတ် သေမှုသေခင်းဖွင့်လှစ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်အား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ




**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ် ဇော်ဝင်းအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံ သံအမတ်ကြီး မစ္စတာ စကော့မာစီရယ်လ်သည် ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ (၁)၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် အမေရိကန်အစိုးရမှ ကူညီပေးနေသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ သင်တန်းများပေးအပ်နေမှု၊ ရဲတပ်ဖွဲ့ဝင်အမျိုးသမီးများအား နိုင်ငံတကာအဆင့်မီ မှုခင်းစုံစမ်းစစ်ဆေးရေးသင်တန်းများနှင့် ရဲလုပ်ငန်းဆိုင်ရာများ လေ့ကျင့်သင်ကြားပေးရေး၊ ရန်ကုန်နှင့်မန္တလေးတို့တွင် နည်းပညာသုံး မှုခင်းသိပ္ပံဓာတ်ခွဲခန်းများ ထူထောင်ရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်နေသော အခြေအနေများနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးတို့အတွက် အကူအညီပေးရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## မူဆယ် - လားရှိုး ပြည်ထောင်စုကားလမ်းမကြီးအနီး ဒေသန္တရလက်လုပ်မိုင်းတစ်လုံး တွေ့ရှိရှင်းလင်း

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး အနောက်ဘက်ခြမ်း၌ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲခန့်က ဒေသန္တရလက်လုပ်မိုင်း တစ်လုံး၊ ဖျူးစ်နှစ်ချောင်းနှင့် ဝိုင်ယာကြိုးနှစ်ခွေတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မူဆယ်မြို့နယ် မူဆယ်-လားရှိုး ပြည်ထောင်စုကားလမ်းမကြီး၌ တပ်မတော်စစ်ကြောင်းက လုံခြုံရေးဆောင်ရွက်စဉ် ပြည်ထောင်စုကားလမ်းမကြီး အနောက်ဘက်ခြမ်း မူဆယ်မြို့၏ တောင်ဘက် ၁၅ မိုင်ခန့်အကွာ၌ မသင်္ကာဖွယ် ဝိုင်ယာကြိုးစတစ်ခုအား တွေ့ရှိ၍ ရှင်းလင်းရာ လက်နက်ကိုင်အဖွဲ့များ ထောင်ထားသည့် ဒေသန္တရလက်လုပ်မိုင်းတစ်လုံး၊ ဖျူးစ်နှစ်ချောင်းနှင့် ဝိုင်ယာကြိုးနှစ်ခွေတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါမိုင်းနှင့် ဆက်စပ်ပစ္စည်းများကို စနစ်တကျသက်မဲ့ပြုလုပ်၍ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကုန်းမြင့်လယ်ယာဖော်ဆောင်မည့်နေရာများကို ကွင်းဆင်းကြည့်ရှု

**မိုင်းတုံ ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ် အရှေ့ပိုင်း မိုင်းဆတ်ခရိုင် မိုင်းတုံမြို့နယ် လွယ်ခမ်းလုံကျေးရွာ ၁၆ အုပ်စုမှ တောင်သူများ၏ လိုအပ်ချက်အရ လွယ်ခမ်းလုံကျေးရွာအနီးရှိ ကုန်းမြင့်လယ်ယာမြေ ဖော်ဆောင်မည့်နေရာ၌ တာချီလိတ်မြို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက် က မြေပြင်ကွင်းဆင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်းမြင့်လယ်ယာဖော်ထုတ်မည့်နေရာသည် လွယ်ပွတ်ကြိုးဝိုင်း၊ ခုတ်ကွက်ကြီးအတွင်း ခန့်မှန်းမြေပုံအညွှန်း T-746655 နေရာ၌ ကျရောက်ပြီး အထက်ရွက်ပြတ်ရေနွေတောခြောက်ဖြစ်၍ ကျွန်း၊ အင်ကြင်း၊ သစ်ရာ၊ ထောက်ကြံ့၊ ရှုံး၊ သစ်အယ်၊ ခပေါင်း၊ ပျဉ်းမ၊ ဖန်ခါး၊ ကတွတ်၊ ပျဉ်းကတိုးပင်ပေါက်နှင့် ရင်းတိုက်အပင်သေးများနှင့် ဝါးများပေါက်ရောက်သော်လည်း ကုန်းမြင့်လယ်ယာဖော်ထုတ်မည့် လွယ်ခမ်းလုံကျေးရွာအနီးရှိ နေရာသည် ကုန်းပြင်မြင့်(တောင်ပေါ်မြေပြန့်) အနေအထားရှိ၍ ဝေရှယ်လုံးချောင်းမှ ဆည်ရေသောက် လေ့ကားထစ်လယ်ယာလုပ်ငန်းနှင့် ကုန်းမြင့်လယ်ယာလုပ်ငန်းအဖြစ် လွယ်ခမ်းလုံကျေးရွာ ၁၆ အုပ်စုမှ တောင်သူများ၏ လယ်ယာမြေ ၁၄၁ ဧကခန့်အတွက် လိုအပ်ချက်များကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။



ကုန်းမြင့်လယ်ယာ ဖော်ထုတ်မည့်နေရာသို့ တာချီလိတ်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလုံစံခတ်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်နှင့် သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ တာဝန်ရှိသူများက မြေပြင်အနေအထားကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါကိစ္စရပ်များကို သက်ဆိုင်ရာ ဌာနအလိုက် တွေ့ဆုံပြီး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။ **မြင့်မိုရ်(တာချီလိတ်)**

## ကွတ်ခိုင်မြို့အတွင်း လက်နက်ကိုင်အဖွဲ့က အသံမိုင်းတစ်လုံးဖောက်ခွဲ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ ကွတ်ခိုင်မြို့၌ ယမန်နေ့ည ၈ နာရီခန့်က အသံမိုင်းတစ်လုံး ဖောက်ခွဲမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့ ရပ်ကွက်(၁) မြန်မာ့စီးပွားရေးဘဏ် အနောက်ဘက်၌ ပေါက်ကွဲသံကြားရသဖြင့် နယ်မြေခံတပ်မတော်သားများက သွားရောက်ရှင်းလင်းရာ ပေါက်ကွဲမှုဖြစ်ပွားသည့်ဘက်မှ ဆိုင်ကယ်နှစ်စီး အပြင်းမောင်းနှင်လာသဖြင့် ရပ်တန့်ရန် သတိပေးသော်လည်း ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသောကြောင့် လက်နက်ငယ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့သည်။

ပေါက်ကွဲမှုကို သွားရောက်စစ်ဆေးရာ လက်နက်ကိုင်အဖွဲ့က မြို့နေပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အသံမိုင်းတစ်လုံး ဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး အဆိုပါနေရာတစ်ဝိုက်နှင့် မသင်္ကာဖွယ် ဆိုင်ကယ်နှစ်စီးနောက်သို့ တပ်မတော်စစ်ကြောင်းများက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်တွင် အာစရိယပူဇော်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

ရှေးဦးစွာ အရှင်စိတ္တပါလက အာစရိယာဘိဝန္ဒနာ ပါဠိရွတ်ဆိုပြီး ဆရာတော်များအား အမှားရှိပါက ခွင့်လွှတ်ပါရန် လျှောက်ထားသည်။

ထို့နောက် ပြည်တွင်း ပြည်ပ ကျောင်းသားများက သြကာသ ကန်တော့ချိုးဖြင့် ရွတ်ဆိုကန်တော့ကြပြီး အရှင်သေက က မြန်မာကျောင်းသားများကိုယ်စား လည်းကောင်း၊ အမေရိကန်နိုင်ငံမှ အရှင်ပုဏ္ဏက ပြည်ပ ကျောင်းသားများကိုယ်စား လည်းကောင်း သင်ကြားပေးသော ဆရာများအား ကျေးဇူးတင်စကား ပြောကြားကြကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တနန္ဒမာလာဘိဝံသက သြဝါဒကထာ ချီးမြှင့်တော်မူသည်။

(၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲသို့ ပါမောက္ခချုပ်ဆရာတော်အမှူးပြုသော ဆရာတော်များ ကြွရောက်တော်မူကြပြီး သီလရှင်ဆရာကြီးများ၊ ဆရာ ဆရာမများ၊ အမေရိကန်၊ အင်္ဂလန်၊ လာအို၊ အိန္ဒိယ၊ ဘယ်လ်ဂျီယံ၊ တရုတ်၊ သီရိလင်္ကာ၊ ဗီယက်နမ်၊ ဘူတန်၊ အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံတို့မှ ကျောင်းသားများဖြစ်ကြသော ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များနှင့် အလှူရှင်များ တက်ရောက်ပူဇော်ကန်တော့ကြသည်။

**(သတင်းစဉ်)**




# တနင်္သာရီမြို့နယ် ချောင်းလမုရွာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့လှူဒါန်း

**တနင်္သာရီ ဇန်နဝါရီ ၁၃**

တနင်္သာရီတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဇော်လွင်သည် တနင်္သာရီမြို့နယ် သိန်ခွန်းကျေးရွာအုပ်စု ချောင်းလမုရွာတွင် အချိန်အခါမဟုတ် မိုးသည်းထန်စွာရွာသွန်း၍ မြစ်ရေကြီးမှုကြောင့် ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းမှစ၍ ချောင်းလမုရွာ ဓမ္မရက္ခိတဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသော ရေဘေးသင့်အိမ်ထောင်စုဝင် မိသားစုများအား ဇန်နဝါရီ ၁၂ရက်က အဆိုပါ ရေဘေးကယ်ဆယ်ရေးစခန်းအတွင်း တွေ့ဆုံအားပေးစကားပြောကြားကာ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် (၂) ဦးရဲမြင့်ဆွေမှ ၎င်းထံသို့ မြိတ်မြို့စေတနာရှင် ပြည်သူများမှ လွှဲပြောင်းလှူဒါန်းခဲ့သည့် ငွေကျပ် ၅ သိန်းအား ပေးအပ်လှူဒါန်းပြီး မြိတ်ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွေးနွေးစိုးနှင့် ဝန်ထမ်းများက လူသုံးကုန်ပစ္စည်းများ လေးမျိုးပါ ကတ္တူပုံး ၉၉ ပုံးနှင့် အိမ်ထောင်စု ၉၉ စုမှ လူဦးရေ၅၀၂ ဦးတို့အတွက် ခုနစ်ရက်စာ ဆန်ဖိုး ထောက်ပံ့ငွေ ကျပ် ၁၀ သိန်းငါးသောင်းလေးထောင်နှစ်ရာအား ထောက်ပံ့ပေးခဲ့ကြသည်။

ဆက်လက်၍ ၎င်းအိမ်ထောင်စုဝင်များအတွက် မြိတ်ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှ ဒုတိယတန်းဦးစီးမှူး ဦးထက်မြက်စိုး(ပါ)သုံးဦးတို့က အိမ်ထောင်စုတစ်စုလျှင် အိမ်ဆောက်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း ၄၁ မျိုးပါသော ပစ္စည်းများအား ထောက်ပံ့လှူဒါန်းခဲ့ပြီး ကျော်မိုးနိုင်တီး ဆီအုန်းကုမ္ပဏီ ဒါရိုက်တာအဖွဲ့ဝင် ဦးကျော်မင်းလွင်က စားသုံးကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



# ဘတ်စ်ကားမှတ်တိုင်များ၌ ယာဉ်လိုင်းနံပါတ်နှင့် လမ်းကြောင်း လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့ရှိ ဘတ်စ်ကားမှတ်တိုင်များ၌ စနစ်သစ်ဖြင့် စတင်ပြေးဆွဲမည့် ယာဉ်လိုင်းနံပါတ်များနှင့် လမ်းကြောင်းခရီးစဉ်များပြ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်လျက်ရှိကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တော်၏ ခရီးသည်ပို့ဆောင်ရေးကဏ္ဍတွင် ဇန်နဝါရီ ၁၆ ရက်မှစတင်ကာ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်ကို စတင်မည်ဖြစ်ပြီး ယာဉ်လိုင်းအမှတ် ၁ မှ ၆၁ အထိ သတ်မှတ်ယာဉ်လိုင်း လမ်းကြောင်းများအလိုက် စတင်ပြေးဆွဲရမည်ဖြစ်သည်။

ထို့ကြောင့် သတ်မှတ်နံပါတ်၊ အရောင်နှင့် ခရီးစဉ်လမ်းကြောင်းများကို လမ်းညွှန်ဆိုင်းဘုတ်များတွင် ဖော်ပြကာ ဘတ်စ်ကားမှတ်တိုင်များတွင် ဇန်နဝါရီ ၁၃ ရက်က လိုက်လံတပ်ဆင်လျက်ရှိကြောင်း သိရသည်။

“မူလက လမ်းကြောင်း ၅၈ လိုင်းပါ။ အခု လိုအပ်ချက်အရ ၆၁ လိုင်းအထိ ဖြစ်လာပါတယ်။ ထပ်တိုးနိုင်ပါတယ်။ အပြောင်းအလဲလေး ရှိနိုင်ပေမယ့် ဇန်နဝါရီ ၁၆ ရက်မှာစမယ့် စနစ်သစ်အတွက် မှတ်တိုင်တွေမှာ လမ်းညွှန်ဆိုင်းဘုတ်တွေ တပ်နေပါတယ်။ လက်ကမ်းစာစောင်တွေလည်း အခမဲ့ဝေသွားမှာဖြစ်ပါတယ်။ Call Centre ဖုန်းလိုင်းကိုလည်း ဆက်သွယ်မေးမြန်းနိုင်ပါတယ်” ဟု တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ရန်ကုန်မြို့၏ ခရီးသည်ပို့ဆောင်ရေးတွင် အဓိကကျသည့် ဘတ်စ်ကားစနစ် စတင်ပြောင်းလဲမှုတွင် အများပြည်သူများကလည်း ပူးပေါင်းပါဝင်လာပြီး စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်ကူညီမှုများကို ဆောင်ရွက်ကြမည်ဟု သိရသည်။ ယာဉ်ရပ်မှတ်တိုင်များ၊ လမ်းညွှန်ဆိုင်းဘုတ်များကိုလည်း စည်းကမ်းမဲ့ဖျက်ဆီးမှုများ မပြုလုပ်ဘဲ ပူးပေါင်းပါဝင်ကြရန်ကိုလည်း နှိုးဆော်ထားကြောင်း သိရသည်။

(၀၀၁)



## လှိုင်းအသင့်အတင့်ရှိမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

# မန္တလေးဆိပ်ကမ်း ရေလမ်းကြောင်း၌ သောင်တူးလုပ်ငန်း စတင်ဆောင်ရွက်

**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးဆိပ်ကမ်း (ဧရာဝတီမြစ်) ရေလမ်းကြောင်း၊ မရမ်းခြံဆိပ်ကမ်း၌ သဲသောင်များ ကျဆင်းလာပြီး သောင်ထွန်းလာမှုကြောင့် ရေလမ်းကြောင်း ကောင်းမွန်ရေးအတွက် ၂၀၁၆-၁၇ ဘဏ္ဍာနှစ် သောင်တူးလုပ်ငန်းကို ဇန်နဝါရီ ၁၃ ရက်မှ စတင်ဆောင်ရွက်နေကြောင်း ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးတိုးအောင်လင်းက ပြောကြားသည်။

“လက်ရှိမှာ မင်းကွန်းဘက်သွားရင် သောင်တွေပိတ်နေလို့ ရေယာဉ်တွေက ကွေ့ပတ်ပြီး သွားနေရတော့ အချိန်ပိုကြာတယ်။ သောင်တွေကြောင့် မန္တလေးဆိပ်ကမ်း မကောအောင်အတွက်လည်း သောင်တူးလုပ်ငန်းကို ရုံးချုပ်အစီအစဉ်နဲ့ ဆောင်ရွက်တာဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။

အဆိုပါလုပ်ငန်းကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး သောင်တူးလုပ်ငန်းပြီးစီးပါက ရေယာဉ်များ သွားလာမှုလွယ်ကူမည်ဖြစ်ကြောင်း၊ သောင်တူးမည့် ပမာဏမှာ ခန့်မှန်းကုဗမီတာ ၇၂၆၀၀ ရှိ၍ ခန့်မှန်းကုန်ကျငွေကျပ် ၆၉ သန်း ဖြစ်ကြောင်း သိရသည်။

“ရေစူးအနက်လည်း ကောင်းသွားပြီး ရေယာဉ်တွေ သွားလာရာမှာ အဆင်ပြေချောမွေ့သွားမယ်။ သောင်တူးလုပ်ငန်းလုပ်ချိန်က တစ်လနီးပါးလောက်ပဲကြာမှာဖြစ်ပြီး ပတ်ဝန်းကျင်သက်ရောက်မှုအကာအကွယ်တွေ ဆောင်ရွက်ထားတာကို ပြီးခဲ့တဲ့လက သက်ဆိုင်သူတွေနဲ့ ရှင်းလင်းချပြခဲ့ပါတယ်”ဟု ယင်းဌာန(ရန်ကုန်ရုံး)မှ ဦးအောင်မျိုးခိုင်က ပြောကြားသည်။

သောင်တူးလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများမှာ ဆိပ်ကမ်းအဝင်အထွက်ရေလမ်းကြောင်း ကောင်းမွန်ခြင်း၊လုံလောက်သည့် ရေအနက်ရရှိလာ၍ကုန်ပစ္စည်း တန်ချိန် ပိုမိုတင်ဆောင်လာနိုင်ခြင်း၊ ဖယ်ရှားသည့်သဲများကို ကမ်းပါးများ၌ စွန့်ပစ်ခြင်းကြောင့် မြစ်ရေတိုက်စားမှု သက်သာနိုင်ခြင်းတို့ ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**



# ကျူးဘားနိုင်ငံသားများအတွက် အထူးရေးဆွဲထားသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာမူဝါဒကို အိုဘားမားအစိုးရအဖွဲ့အဆုံးသတ်

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အိုဘားမားဦးဆောင်သည့်အစိုးရအဖွဲ့သည် ကြာသပတေးနေ့က အမေရိကန်သို့ ရောက်ရှိလာကြသည့် ကျူးဘားနိုင်ငံသားများ အသက်မွေးနေထိုင်ခွင့်အတွက် အထူးရေးဆွဲထားသည့်ဥပဒေတစ်ရပ်ကို ပယ်ဖျက်လိုက်ကြောင်း သိရသည်။ ၎င်းတို့၌ ဗီဇာရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ၊ အမေရိကန်၏ လူဝင်မှုကြီးကြပ်ရေးဥပဒေနှင့် မကိုက်ညီသည့် အချိန်ကြာမြင့်စွာ နေထိုင်ခွင့်ကိုအဆုံးသတ်လိုက်ခြင်းဖြစ်သည်။

အမေရိကန်မြေပေါ်သို့ နေထိုင်ရန်ရောက်ရှိလာကြသည့်ကျူးဘားနိုင်ငံသားအားလုံးကို နေထိုင်ခွင့်ဆိုင်ရာ မူဝါဒအားပယ်ဖျက်မှုသည် ချက်ချင်းဆိုသလို အသက်ဝင်သွားခဲ့သည်။ ကျူးဘားအာဏာပိုင်များသည် အဆိုပါမူဝါဒဆိုင်ရာအပြောင်းအလဲကို နှစ်များစွာကြာအောင် လိုလားခဲ့ကြသည်။

အမေရိကန်နှင့် ကျူးဘားသည် အမေရိကန်တွင် ရောက်ရှိနေသည့် ကျူးဘားနိုင်ငံသားများကို နေရပ်ဆီသို့ပြန်ရန်အတွက် ကျူးဘားအစိုးရက ခွင့်ပြုပေးရန် သဘောတူညီမှုအပါအဝင် မူဝါဒဆိုင်ရာ အပြောင်းအလဲအတွက် လများစွာကြာအောင် ဆွေးနွေးခဲ့ကြသည်။

ယခုအပြောင်းအလဲနှင့်အတူ အခြားနိုင်ငံများမှ ရွှေ့ပြောင်းဝင်ရောက်လာသူများကို ဥပဒေမူဝါဒများနှင့်အညီ လက်ခံကြိုဆိုသကဲ့သို့ ကျူးဘားနိုင်ငံသားများကိုလည်း ဆက်လက်၍ လက်ခံကြိုဆိုသွားနိုင်မည်ဖြစ်ကြောင်း သမ္မတအိုဘားမားက ထည့်သွင်းပြောကြားခဲ့သည်။

အမေရိကန် ပြည်တွင်းလုံခြုံရေးဌာနသည် ကျူးဘားနိုင်ငံသားများ၏ ဆေးဘက်ဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်မှုအတွက် ဝင်ရောက်လာမှုကို ခွင့်ပြုထားသည့် အစီအစဉ်ကိုပါ ဖျက်သိမ်းလိုက်ကြောင်း သိရသည်။

အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့များသည် နှစ်စဉ်နှစ်တိုင်း မိုင်ကိုးဆယ်ခန့် ခရီးကိုနှင်ကာ ဖလော်ရီဒါသို့ဝင်ရောက်ရန် ကြိုးပမ်းခဲ့သည့် ကျူးဘားနိုင်ငံသား ထောင်ပေါင်းများစွာကို ဖမ်းဆီးခဲ့သည်။ သို့သော် မက္ကဆီကိုမှတစ်ဆင့် ဝင်ရောက်




လာသူများအပါအဝင် အမေရိကန်မြေပေါ်ရောက်ရှိလာသူများ ထောင်ပေါင်းများစွာကို နိုင်ငံအတွင်း နေထိုင်ခွင့်ပြုခဲ့သည်။

ကျူးဘားနိုင်ငံသည် အပြောင်းအလဲကို လက်ခံကြိုဆိုကြောင်းနှင့် လူကုန်ကူးခံရခြင်းနှင့် အန္တရာယ်များသည့်ခရီးကြမ်းများ သွားလာခြင်းကို ဆန့်ကျင်ခြင်းအားဖြင့် တစ်နိုင်ငံလုံးကို ကောင်းကျိုးဖြစ်ထွန်းစေရေး လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။**(ရိုက်တာ)**

# နိုင်ငံတော်အလံအား မလျော်ကန်စွာအသုံးပြုခဲ့မိသည့်အတွက် အိန္ဒိယအားပြန်တောင်းပန်

နယူးဒေလီ ဇန်နဝါရီ ၁၃

**ခြေသုတ်ဖုံပေါ်တွင် အိန္ဒိယနိုင်ငံတော်အလံကို ထည့်သွင်းအသုံးပြုကာ ရောင်းချခဲ့ပြီး နိုင်ငံအား ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်မိသည့်အတွက် အမေဇုန်ကုမ္ပဏီက ဝန်ချတောင်းပန်လိုက်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြသည်။**

အိန္ဒိယနိုင်ငံ၏ ဓလေ့ထုံးတမ်းများကို ကျူးလွန်မိကြောင်း၊ အိန္ဒိယနိုင်ငံကို စော်ကားလိုစိတ်ဖြင့် လုပ်ဆောင်ခဲ့ခြင်း မဟုတ်ကြောင်း၊ ထိုသို့ပြုလုပ်မိသည့်အတွက် နောင်တရမိပါကြောင်း စသည်ဖြင့် အမေဇုန် အိန္ဒိယဒုတိယဥက္ကဋ္ဌ အာမစ်အက်ဂါဝဲလ်က ယမန်နေ့က နိုင်ငံခြားရေးဝန်ကြီး ဆွာရတ်ထံသို့ ပေးပို့ခဲ့သည့်စာတွင်




ရေးသားတောင်းပန်လိုက် ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံနိုင်ငံတော်အလံအား စော်ကားခြင်းနှင့် မလျော်ကန်သည့် ပုံသဏ္ဍာန်အသုံးပြုထားသည့် ထုတ်ကုန်များအားလုံးကို ဈေးကွက်မှ ပြန်လည်သိမ်းယူရန်နှင့် တောင်းပန်ရန်၊ သို့မဟုတ်ပါက အမေဇုန်တာဝန်ရှိသူများအား အိန္ဒိယနိုင်ငံပြည်ဝင်ခွင့်ဗီဇာ ထုတ်ပေးမည်မဟုတ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဆွာရတ်က ကြေညာခဲ့ပြီးနောက် ယခုလိုတောင်းပန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကနေဒါရှိ အမေဇုန်အွန်လိုင်းမှ ဈေးရောင်းသည့် ဝက်ဘ်ဆိုက်တွင် အိန္ဒိယနိုင်ငံနိုင်ငံတော်အလံပုံအား ထည့်သွင်းရေးဆွဲထားသော ခြေသုတ်ဖုံရောင်းချသည်ကို ဝန်ကြီးဆွာရတ်က တွေ့ရှိခဲ့ပြီးနောက်တွင် နိုင်ငံတော်အလံပုံပါရှိသည့် ခြေသုတ်ဖုံ များအား ယမန်နေ့က အမေဇုန် ဝက်ဘ်ဆိုက်မှ ဖြုတ်ချခဲ့သည်။ အိန္ဒိယနိုင်ငံတွင် အမေဇုန်၏ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၅ ဘီလီယံကျော်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## မဟုတ်မမှန်စွပ်စွဲသည်ဟုဆိုကာ ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်တို့အား ထရန့်အပြစ်တင်ခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်၏ သမ္မတသစ်အဖြစ် ရွေးချယ်ခံထားရသူ ဒေါ်နယ်ထရန့်သည် မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်းမရှိသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်ဖိုင်များကို ရှာဖွေစုစည်းကာ ရုရှားနှင့်ချိတ်ဆက်မှုများ ပြုလုပ်ခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲမှုများ လုပ်ဆောင်ခဲ့သည်ဟု ၎င်း၏ အတိုက်အခံအဖွဲ့များဖြစ်သည့် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်ပါတီဝင်များအား ပြစ်တင်ပြောဆိုခဲ့ပြီး အဆိုပါစာရွက်စာတမ်းအချက်အလက်များမှာ နိုင်ငံရေးဆိုင်ရာအထူးသတင်းစုဆောင်းရေးအေဂျင်စီများက သတင်းဖြန့်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ၎င်းက စွပ်စွဲပြောကြားခဲ့သည်။

နိုင်ငံရေးဆိုင်ရာ တိုက်ခိုက်မှုပြုလုပ်လိုသည့် ဒီမိုကရက်တစ်နှင့် ရီပတ်ဘလစ်ကန်ပါတီနှစ်ခုလုံးက မဟုတ်မမှန် လုပ်ကြံဇာတ်လမ်းဆင်ခဲ့သည့် သတင်းအတုအယောင်များနှင့် အချက်အလက်အမှားများသာဖြစ်ကြောင်း ထရန့်က တွစ်တာပေါ်၌ ပို့စ်များစွာ ရေးသားခဲ့သည်။

သတင်းမှားများထုတ်ပြန်ခဲ့သည့် အထူးသတင်းအေဂျင်စီကိုယ်တိုင်သည် ပင်လျှင် သက်သေအထောက်အထားများ မမှန်ကန်ကြောင်း သိရှိပြီးဖြစ်လိမ့်မည်ဟု ထရန့်က တွစ်တာ၌ ရေးသားဖော်ပြခဲ့သည်။

**(ရိုက်တာ)**

## ဘရာဇီးလ်တွင် အသားဝါဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၃၀ ရှိလာ

**ရီယိုဒီဂျနေရိုး ဇန်နဝါရီ ၁၃**

ဘရာဇီးလ်နိုင်ငံ မီနက်စ်ဂျမ်ပြည်နယ်၌ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အသားဝါဗိုင်းရပ်စ်ကူးစက်ခံရခြင်းကြောင့် အနည်းဆုံး လူပေါင်း ၃၀ သေဆုံးခဲ့ကြောင်း၊ ယင်းဗိုင်းရပ်စ်ကူးစက်ခံရသည်ဟု သံသယရှိသူ ၁၁၀ အထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးအာဏာပိုင်များက ယမန်နေ့က ပြောခဲ့သည်။

အသားဝါ ဗိုင်းရပ်စ်ပိုးကူးစက်ခံရသောကြောင့် လူ ၃၀ ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါ ဗိုင်းရပ်စ်ရောဂါကူးစက်ခံရသည်ဟု သံသယရှိသူများကိုလည်း မည်သို့မည်ပုံ ကူးစက်လာကြောင်းကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

ယခု ရက်သတ္တပတ်အတွင်း ယင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၄၈ ဦးမှ ၁၁၀ ဦးအထိ တိုးလာခြင်းသည် ထိတ်လန့်ဖွယ်ရာ အခြေအနေတစ်ခုဖြစ်သည်။ အသားဝါရောဂါသည် စိုးရိမ်ဖွယ်ရောဂါတစ်မျိုးဖြစ်ပြီး အချိန်မီကုသမှုမခံရပါက တစ်ပတ်အတွင်း အသက်သေဆုံးနိုင်ကြောင်း၊ ရောဂါပိုးရှိသော ခြင်ကိုက်ခံရခြင်းမှတစ်ဆင့် ကူးစက်နိုင်ကြောင်း သိရသည်။ အဆိုပါဗိုင်းရပ်စ်များကို မျောက်များတွင် တွေ့ရလေ့ရှိသည်။

**(ဆင်ဟွာ)**

# အညိုရောင်ကျောက်မီးသွေးမှ ဟိုက်ဒရိုဂျင်ထုတ်လုပ်ပြီး ဂျပန်သို့တင်ပို့မည်

**ဆစ်ဒနီ ဇန်နဝါရီ ၁၃**

အညိုရောင်ကျောက်မီးသွေးမှ ထုတ်လုပ်ထားသော ဟိုက်ဒရိုဂျင်ကို ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ်မှ ဂျပန်နိုင်ငံသို့ တင်ပို့မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ယနေ့ဖော်ပြသည်။

ဩစတြေးလျနိုင်ငံ ဗစ်တိုးရီးယားပြည်နယ် လက်ထရုပ်ဘ်တောင်ကြားရှိ ဂျပန်နိုင်ငံ ကာဝါစကီအကြီးစား စက်မှုစက်ရုံမှ ဟိုက်ဒရိုဂျင်အရည်ကို ထုတ်လုပ်ကာ ဂျပန်နိုင်ငံသို့ တင်ပို့မည်ဖြစ်သည်။

နှစ်နိုင်ငံ ပင်လယ်ရေကြောင်း အာဏာပိုင်များက အဆိုပါသဘောတူညီချက်ကို ကန်ဘာရာတွင် လက်မှတ်ရေးထိုးခဲ့ကြသည်။ ဗစ်တိုးရီးယားပြည်နယ် စွမ်းအင်အရင်းအမြစ်ဆိုင်ရာ ယာယီဝန်ကြီး ဖီလစ်ဒါလီဒက်ခ်ကီစ်က အဆိုပါစီမံကိန်းမှာ ကနဦးအဆင့်သာရှိသေးကြောင်း ပြောခဲ့သည်။

အညိုရောင် ကျောက်မီးသွေးမှတစ်ဆင့် ဟိုက်ဒရိုဂျင်ထုတ်လုပ်မည့် နည်းပညာသည် သဘာဝနှင့် ကိုက်ညီနိုင်ကြောင်း စွမ်းအင်နှင့် ဟိုက်ဒရိုဂျင် လောင်စာ ကျွမ်းကျင်ပညာရှင် ပက်ထရစ်ခ်မော်ရီတာတီက ပြောခဲ့သည်။ **(ဆင်ဟွာ)**



# (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက သဝဏ်လွှာများပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၃

**၂၀၁၇ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။**

**ဘယ်လာရုစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ အလက်ဇန်းဒရား လူကာရှန်ကိုက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဘယ်လာရုစ်ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားတို့အား ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခွင့်ရသည့်အတွက် ဝမ်းသာပီတိဖြစ်ရပါကြောင်း ဖော်ပြပါရှိသည်။

ယုံကြည်မှုကိုအခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများ နှစ်နိုင်ငံကြားပေါ်ပေါက်လာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှသည် မတူညီသောကဏ္ဍများ၌ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးချဲ့လုပ်ဆောင်နိုင်စေရန် ယုံကြည်ပါကြောင်း၊ အဆွေတော် ကာယသုခနှင့် ပြည့်စုံပြီး အောင်မြင်မှုသရဖူဆောင်းကာ ကောင်းမွန်မြင့်မြတ်သော လုပ်ဆောင်ချက်များကို ဆောင်ရွက်နိုင်ပြီး မြန်မာပြည်သူများ ပြည့်စုံကြွယ်ဝစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ ထို့ပြင် ပေးပို့သော မေတ္တာများကိုလည်း လက်ခံစေလိုကြောင်း ဖော်ပြပါရှိသည်။

**ဆလိုဗက်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ ဆလိုဗက်သမ္မတနိုင်ငံ သမ္မတ အန်ဒရာ့ဂျ်ကစ်တာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် ဆလိုဗက်ပြည်သူများကိုယ်စား မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ လစ်ဘရယ်မူဝါဒနှင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော်မှုတွင် တိုးတက်ဖြစ်ထွန်းမှုများအပေါ် စာနာနားလည်ပါကြောင်း၊ မြန်မာပြည်သူများ တိုးတက်ဖြစ်ထွန်းမှုကို ပိုမိုဆောင်ကြဉ်းနိုင်ရန် ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း ဖော်ပြပါရှိသည်။

ဆလိုဗက်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်ဆံရေးသည် ဆက်လက်အဓွန့်ရှည်တိုးတက်လာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**လတ်ဗီးယားသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ လတ်ဗီးယားသမ္မတနိုင်ငံ သမ္မတ ရေမွန်ဗီဂျိုးနစ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အဆိုပါ သဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း၊ အနာဂတ်တွင် ပြည့်စုံကြွယ်ဝ၊ အေးချမ်းသာယာပြီး မင်္ဂလာအပေါင်းနှင့် ခညောင်းစေရန် ဆန္ဒမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ မြန်မာနှင့်လတ်ဗီးယား နှစ်နိုင်ငံတိုးတက်မှုများ ဆက်လက်ဆောင်ရွက်နိုင်စေရန်နှင့် နှစ်နိုင်ငံ ပြည်သူအကျိုးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

**ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏(၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် ရှိတ်ဟာဆီနာက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင်အဆွေတော်နှင့်တကွ မြန်မာပြည်သူပြည်သားများထံသို့ ဘင်္ဂလားဒေ့ရှ်အစိုးရအဖွဲ့နှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူများကိုယ်စား ကျွန်ုပ်က လှိုက်လှဲဝမ်းသာစွာဖြင့် ဆုမွန်ကောင်းများပေးပို့အပ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာ နှစ်နိုင်ငံဆက်ဆံရေးကို တန်ဖိုးထားသည့်အပြင် နှစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့်အကျိုးစီးပွားတိုးတက်အောင်မြင်ရေးအတွက် အတူတကွ လုပ်ဆောင်သွားရန်ဆန္ဒရှိပါသည်။ အပြန်အလှန်အကျိုးစီးပွား ဖြစ်ထွန်းစေမည့် မည်သည့်နယ်ပယ်ကဏ္ဍတွင်မဆို ပူးပေါင်းဆောင်ရွက်မှုများကိုတိုးမြှင့်လုပ်ဆောင်သွားပြီး နှစ်နိုင်ငံစေ့စပ်ညှိနှိုင်းမှုများကိုလည်း အားသွန်ခွန်စိုက် လုပ်ဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ထားပါသည်။ အဆွေတော်နှင့် ပြည်သူများ ပျော်ရွှင်ငြိမ်းချမ်းပြီး အစဉ်တိုးတက်အောင်မြင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

**အိန္ဒိယသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် နာရန်ဒရာမိုဒီက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့အခါသမယတွင် အိန္ဒိယနိုင်ငံ ပြည်သူများကိုယ်စား ကျွန်ုပ်က လှိုက်လှဲစွာဖြင့် နှုတ်ခွန်းဆက်သအပ်ပါသည်။ အိန္ဒိယနှင့်မြန်မာနိုင်ငံတို့သည် ကြာရှည်ခိုင်မာသည့် ဘာသာရေး၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် မျိုးနွယ်စုဆိုင်ရာ ရင်းနှီးဆက်ဆံမှုများအပေါ် အခြေခံလျက် ရင်းနှီးနွေးထွေးပြီး နီးကပ်သည့်ဆက်ဆံရေးကို အတူမျှဝေခဲ့ကြပါသည်။ နှစ်နိုင်ငံခေါင်းဆောင်များ အပြန်အလှန် အလည်အပတ်လာရောက်မှုကလည်း နှစ်နိုင်ငံဆက်ဆံမှုကို ပိုမိုခိုင်မာစေခဲ့ပါသည်။ အဆွေတော်၏ ဦးဆောင်ကြိုးပမ်းမှုအောက်တွင် နှစ်နိုင်ငံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးနှင့် အကျိုးစီးပွားများ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို အရောက်လှမ်းသွားနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားပါသည်။ အဆွေတော်နှင့် ဖော်ရွေပျူငှာသည့် မြန်မာနိုင်ငံပြည်သူများ ကျန်းမာချမ်းသာပြီးလျှင် စဉ်ဆက်မပြတ် အောင်မြင်တိုးတက်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဟု ဖော်ပြပါရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*




# မစ္စ ရန်ဟီလီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**စစ်တွေ ဇန်နဝါရီ ၁၃**

ကုလသမဂ္ဂ၏ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် မြန်မာအမျိုးသားလေကြောင်းဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိလာသည်။

မစ္စ ရန်ဟီလီနှင့်အဖွဲ့သည် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုဦးဆောင်သော ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် စစ်တွေမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အစ္စလာမ်မီယာစာသင်ကျောင်း၌ အစ္စလာမ်လူ့အဖွဲ့အစည်းခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ပြီး အောင်မင်္ဂလာရပ်ကွက်အတွင်း လှည့်လည်လေ့လာသည်။

**တင်ထွန်း(မြန်/ဆက်)**

# ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၈၀၀၀ ကျော်နှင့် ပြည်တွင်းအလုပ်နေရာ ၁၇၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေး အလုပ်အကိုင်အခွင့်အလမ်းများပိုမိုရရှိစေရေးအတွက် ပြည်ပသို့တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့အား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများ၌ Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့အား လုပ်ဆောင်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အောက်ဖော်ပြပါအတိုင်း အလုပ်အကိုင်များ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုအခြေအနေ**

| စဉ် | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် | အလုပ်ရ | | | မှတ်ချက် |
|---|---|---|---|---|---|
| | | အစိုးရ | ပုဂ္ဂလိက | စုစုပေါင်း | |
| ၁။ | ပြည်ထောင်စုနယ်မြေ | ၇၇ | | ၇၇ | |
| ၂။ | ရန်ကုန်တိုင်းဒေသကြီး | ၁၉၈ | ၁၀,၂၀၉ | ၁၀၄၀၇ | |
| ၃။ | ဧရာဝတီတိုင်းဒေသကြီး | ၁၄၆ | ၆၄၀ | ၇၈၆ | |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ၃၈ | ၁၁၃၂ | ၁၁၇၀ | |
| ၅။ | မန္တလေးတိုင်းဒေသကြီး | ၆၄ | ၁,၂၂၅ | ၁,၂၈၉ | |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၇၉ | ၃၉၀ | ၄၆၉ | |
| ၇။ | မကွေးတိုင်းဒေသကြီး | ၁၀၆ | ၅၆၀ | ၆၆၆ | |
| ၈။ | တနင်္သာရီတိုင်းဒေသကြီး | ၂၁ | ၄၃၉ | ၄၆၀ | |
| ၉။ | ကချင်ပြည်နယ် | ၁၉ | ၃၅ | ၅၄ | |
| ၁၀။ | ကယားပြည်နယ် | ၉ | ၁၀၁ | ၁၁၀ | |
| ၁၁။ | ကရင်ပြည်နယ် | ၁၂ | ၁၁၀ | ၁၂၂ | |
| ၁၂။ | ချင်းပြည်နယ် | - | - | - | |
| ၁၃။ | မွန်ပြည်နယ် | ၅၁ | ၁,၂၃၅ | ၁,၂၈၆ | |
| ၁၄။ | ရခိုင်ပြည်နယ် | ၅၁ | ၄၆ | ၉၇ | |
| ၁၅။ | ရှမ်းပြည်နယ် | ၇၅ | ၁၅၄ | ၂၂၉ | |
| | စုစုပေါင်း | ၉၄၆ | ၁၆,၂၇၆ | ၁၇,၂၂၂ | |

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလအတွင်းနိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအခြေအနေ**

| စဉ် | နိုင်ငံ | စေလွှတ်ဦးရေ | မှတ်ချက် |
|---|---|---|---|
| ၁။ | မလေးရှားနိုင်ငံ | ၂,၀၁၆ ဦး | |
| ၂။ | စင်ကာပူနိုင်ငံ | ၅၄ ဦး | |
| ၃။ | ကိုရီးယားနိုင်ငံ | ၄၉၅ ဦး | |
| ၄။ | ထိုင်းနိုင်ငံ | ၅,၅၇၃ ဦး | |
| ၅။ | ဂျပန်နိုင်ငံ | ၁၈၀ ဦး | |
| ၆။ | ယူအေအီး | ၉ ဦး | |
| ၇။ | ကာတာနိုင်ငံ | ၂၄ ဦး | |
| | စုစုပေါင်း | ၈,၃၅၁ ဦး | |

## ထင်သာမြင်သာပြုပြင်စရာ

# စလင်းစည်ပင်ဈေးအနီး ပေါင်းကူးတံတားမှ အပေါက်ကြီး အမြန်ပြုပြင်ပေးစေလို



မကွေးတိုင်းဒေသကြီး စလင်းစည်ပင်ဈေး အရှေ့ဘက်ကပ်လျက်ရှိသော ပေါင်းကူးတံတားမှာ နှစ်သက်တမ်းကာလကြာမြင့်ပြီဖြစ်၍ပေါင်းကူးတံတား၏အဝင်ထိပ်၌ မြောင်းရေတိုက်စားပြီး အပေါက်ကြီး ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါပေါင်းကူးတံတားမှာ ဈေးသွားဈေးလာများ ကျောင်းသား ကျောင်းသူများနှင့် ယာဉ်မျိုးစုံ နေ့စဉ်ထူထပ်စွာ ဖြတ်ကျော်သွားလာနေသောလမ်းပေါ်တွင် ဆောက်လုပ်ထားခြင်းဖြစ်သည်။ ညပိုင်းတွင်လည်း ယာဉ်နှင့်လူသွား လူလာမပြတ် ဖြတ်ကျော်နေကြရသည်။ သို့ဖြစ်၍ ဖြတ်ကျော်သွားလာနေသော ယာဉ်နှင့် လူများ အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံးပြုပြင်ပေးရန် ပြည်သူများက လိုလားလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# အိမ်မီးလောင်ရာမှ ဇနီးမောင်နှံနှစ်ဦး မီးလောင်သေဆုံး



**ပုသိမ်ကြီး ဇန်နဝါရီ ၁၃**

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် အောင်သုခရပ်ကွက်နေ အိမ်ငှားနေသော တိရစ္ဆာန်ဆေးကုဆရာဝန် ဒေါက်တာ ကောင်းသာထက်၏အိမ်၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၁ နာရီ ၄၅ မိနစ်က တိရစ္ဆာန်ကုဆေးဝါးများထားရှိသည့် အခန်းတွင် တပ်ဆင်ထားသော အဲကွန်း (Safeguard) အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ကာ စုစုပေါင်း လူနေအိမ်လေးလုံး၊ အိမ်စီးကား၏ အင်ဂျင်ပိုင်းအနည်းငယ်နှင့် ဆိုင်ကယ်သုံးစီး မီးလောင်ကျွမ်းခဲ့သည်။ ဒေါက်တာကောင်းသာထက်နှင့်ဇနီး ဒေါ်ရတနာမျိုးဟန်တို့သည် နေအိမ်အတွင်း မီးလောင်သေဆုံးခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသန်းဇော်ဦး ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ်ရှစ်စီး၊ ရေသည်ယာဉ်နှစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၀ တို့ဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ မီးမှာ ၂ နာရီ ၁၀ မိနစ်တွင် လုံးဝငြိမ်းသွားခဲ့ကြောင်း သိရသည်။

**တင်မောင်**

# ယာဉ်မောင်း အိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် ၃၃၄/၂ နှင့် ၃၃၄/၃ အကြား နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ ယာဉ်မောင်းအောင်မြင့် မောင်းနှင်လာသော လိုက်ထရပ်ယာဉ်မှာ ယနေ့ နံနက် ၁၀ နာရီ ၁၀ မိနစ်က ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းယာဘက်မြေသားလမ်းပေါ်သို့ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါနှစ်ဦးစလုံး ဒဏ်ရာအသီးသီးရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား စကားအင်းအမြန်လမ်း ရဲတပ်ဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် တံတားဦးဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

သို့ပါ၍ ယာဉ်ကို မဆင်မခြင် မောင်းနှင်သူယာဉ်မောင်း အောင်မြင့်အား အမြန်လမ်းရဲတပ်ဖွဲ့မှ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

# နေပြည်တော်စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုသူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၃**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် စည်ပင်ဧည့်ရိပ်သာ၌ တည်းခိုနေသူတစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇမ္ဗူသီရိမြို့နယ် အမှတ် (၁) မြို့မရဲစခန်းမှ ရဲအုပ် ခိုင်မျိုးထွန်းသည် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီခန့်က ရဲတပ်ကြပ်ကြီး သူရသွင်နှင့်အဖွဲ့သည် သတင်းအရ စည်ပင်ဧည့်ရိပ်သာ အဆောင်(၂) အခန်း(၆)တွင် တည်းခိုနေထိုင်သူထံ သွားရောက်ရှာဖွေရာ တည်းခိုနေထိုင်သူ မလဖိုင်နိုင်ရွယ်(ခ) မသီတာအောင်သည် အဆောင်တံခါးပိတ်ပြီး အပြင်သို့သွားရန်ပြင်နေစဉ် တွေ့ရှိ၍ ရှာဖွေမှုများပြုလုပ်ခဲ့ရာ ၎င်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ ပန်းရောင်စိတ်ကြွ ရူးသွပ်ဆေးပြား ၂၄၈ ပြားနှင့် အစိမ်းရောင်ဆေးပြားနှစ်ပြား ၂၂ ဒသမ ၅ ဂရမ်၊ ကာလတန်ဖိုး ငွေကျပ် ၇၅၀၀၀၀ တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ဆေးပြားများအား မအိုက်ရှန် (၃၆ နှစ်) ပန်ဆိုင်းကျေးရွာ ကြူကုတ်မြို့နေသူထံမှ ဆေးပြား ၂၅၀ပါ တစ်ထုပ်လျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် ဝယ်ယူခဲ့ပြီး တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ပြန်လည်ရောင်းချခဲ့ကြောင်း သိရသည်။

အဆိုပါအမှုအား နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အမှတ်(၁)မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မောင်ယဉ်ဦး၊ ခင်ဇော်**

# ဓားပြခြိမ်းခြောက်သူလေးဦးကို ရဲနှင့်ပြည်သူ ဝိုင်းဝန်းဖမ်းဆီး

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဇန်နဝါရီ ၁၂ ရက် ည ၁၁ နာရီခန့်က ကမာရွတ်မြို့မရဲစခန်းမှ အမှတ် (၈) ရပ်ကွက်နယ်ထိန်း ဒုတိယရဲတပ်ကြပ် ဇော်မင်းလတ်နှင့်အဖွဲ့သည် ရပ်ကွက်အခြေပြုအဖွဲ့ဝင်များနှင့်အတူ လှည့်ကင်းဆောင်ရွက်နေခိုက် မာလာမြိုင်လမ်းအတွင်း၌ ဆိုင်ကယ်တစ်စီးပါ လူငယ်လေးဦးက လမ်းလျှောက်လာသည့် လူငယ်တစ်ဦးကို ဓားပြခြိမ်းခြောက်ပစ္စည်းတောင်းလျက်ရှိရာ ရပ်ကွက်လူငယ်များက ဝိုင်းဝန်းဖမ်းဆီးနေစဉ် ရဲတပ်ဖွဲ့ဝင်များ ရောက်ရှိလာခဲ့သည်။

အခင်းဖြစ်ပွားရာနေရာ၌ လှိုင်သာယာမြို့နယ်နေ အောင်ကျော်ကျော်(ခ) ချစ်လွန်းသူနှင့် ဆိုင်ကယ်တစ်စီးကို ချက်ချင်းဖမ်းဆီးနိုင်ခဲ့ပြီး ၎င်းအား စခန်းမှူး ဒုတိယရဲမှူး မင်းဗိုလ်ဦးနှင့် ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့ရာ ဆင်းကတ်ပါ ဟန်းဆက်လေးလုံး၊ ကတ်မပါ ဟန်းဆက်တစ်လုံး၊ ဓားအိမ်တစ်ခုတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

ထွက်ပြေးတိမ်းရှောင်နေသူများအား အမြန်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ရာ ကိုကို(ခ) သူရနိုင်၊ ရဲနိုင်(ခ)ကြာစိတို့အား ကမာရွတ်မြို့နယ် အင်းလျားကန်ပေါင်သို့ပြန်လာစဉ် နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် မြတ်မင်းအောင်နှင့် နယ်ထိန်းအဖွဲ့ဝင်များက ဖမ်းဆီးနိုင်ခဲ့သည်။ ကိုကို(ခ)သူရနိုင်ထံမှ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် အရိုးအသွား ၁၁ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းနှင့် ဆင်းကတ်ပါဖုန်းတစ်လုံး၊ ရဲနိုင်(ခ)ကြာစိထံမှ ဆင်းကတ်ပါ ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထို့နောက် ကျန်ထွက်ပြေးတိမ်းရှောင်နေသူ နေမျိုးအား သတင်းအရ ၎င်းနေထိုင်ရာနေအိမ်မှ ထပ်မံဖမ်းဆီးခဲ့သည်။ ပြစ်မှုကျူးလွန်သူ လူငယ်လေးဦးအား ကမာရွတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

ရန်ကုန်မြို့တွင် ယာဉ်ရပ်နားခွင့်မရှိ သတ်မှတ်နေရာများ၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားသော မော်တော်ယာဉ်များအား ကရိန်းယာဉ်ဖြင့် ဆွဲယူဖယ်ရှင်း အရေးယူဆောင်ရွက်မှုများအား သက်ဆိုင်ရာ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက နေ့စဉ် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်

အောင်သန်း(မင်္ဂလာတောင်ညွန့်)




# နာရေးကိစ္စဖြင့် ပြန်လာသည့် ယာဉ်တိမ်းမှောက်၊ နှစ်ဦးသေဆုံး

**ကျောက်ကြီး ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့အရှေ့ဘက် ၂၄ မိုင်ခန့်အကွာ ဝက်လာတော ကျေးရွာအုပ်စု ကျေးရွာမအနီးရှိ ကျောက်မဲတောင်အဆင်း၌ ဇန်နဝါရီ ၁၂ ရက်က နာရေးကိစ္စမှ ပြန်လာကြသူများလိုက်ပါလာသည့် ယာဉ်တစ်စီး ဘရိတ်ပေါက်၍ တိမ်းမှောက်မှု ဖြစ်ပွားခဲ့ရာနေရာတွင် နှစ်ဦးသေဆုံးခဲ့ပြီး အများအပြားဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

နော်ပယ်ကျေးရွာ (ရွာပျက်)မှ ကျောက်ပုံတောင်ကျေးရွာအုပ်စု စပ်လဲကျေးရွာသို့ နာရေးကိစ္စဖြင့် အငယ်လေး (ခ)ထူးမြင့်လွင် (၃၅ နှစ်) မောင်းနှင်လာသော ဖောကားသည် တောင်ကုန်းအဆင်း၌ ဘရိတ်ပေါက်ကာ တိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်လိုက်ပါလာကြသူများအနက် ညီညီအောင် (၂၇ နှစ်)နှင့် တစ်ရွာတည်းနေ ကျော်သူရိန်ထူး(၂၅ နှစ်)တို့ နှစ်ဦးမှာ နေရာ၌ ရရှိသည့်ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ပြီး ယင်းကျေးရွာသားများဖြစ်ကြသော ရဲဝင်းဟန်(၂၅ နှစ်) ဒေါင်းမို့ကျေးရွာအုပ်စု တောကြောင်ပေါက်ကျေးရွာနေ ကျော်သူရ (၃၅ နှစ်) တို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့သည်။

ထို့အတူ ယာဉ်ပေါ်တွင်လိုက်ပါလာကြသူများအနက် ဆိပ်ကြီးကျေးရွာမှ အမျိုးသားသုံးဦး၊ အမျိုးသမီးတစ်ဦး၊ စပ်လဲကျေးရွာမှ အမျိုးသမီးနှစ်ဦး (တစ်ဦးစိုးရိမ်ရ)နှင့် ပဲခူးရပ်ကွက်နေ အမျိုးသားတစ်ဦးတို့ ဒဏ်ရာများရရှိခဲ့၍ ကျောက်ကြီးမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

" အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း "

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
မှ

စတုတ္ထမြောက် နိုင်ငံအဝှမ်း ဆက်သွယ်ရေး အော်ပရေတာ လိုင်စင်အား
Myanmar National Tele & Communications Co.,Ltd. သို့ ၁၂.၁.၂၀၁၇ ရက်နေ့တွင်
ပေးအပ်ချီးမြှင့်ခဲ့ မှုအပေါ်အထူးပင်ဂုဏ်ယူ ဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

Amara Communications Co.,Ltd.
United Amara Bank

# ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**( ၂၀၁၆ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် )**
**၁၃၇၈ ခုနှစ် လ ရက်**
**( ၂၀၁၆ ခုနှစ် လ ရက် )**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ ဤဥပဒေကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂ တွင် -

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ခ) **ချောင်း** ဆိုသည်မှာ သဘာဝရေအရင်းအမြစ်များစုစည်း၍ တစ်နေရာမှတစ်နေရာသို့ စီးဆင်းနေသော ရေစီးကြောင်းကို ဆိုသည်။”

(ခ) ပုဒ်မခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဂ) **မြစ်** ဆိုသည်မှာ ချောင်းများစီးဝင်ရာမှ ဖြစ်ပေါ်လာသော သဘာဝရေစီးကြောင်းကို ဆိုသည်။”

(ဂ) ပုဒ်မခွဲ (စ) ၏ အောက်ပါစကားရပ်ကို ပယ်ဖျက်ရမည် -

“(စ) ပုဒ်မခွဲ (စ) ၏ ဒုတိယဝါကျဖြစ်သော “သို့ရာတွင် ကုန်းနှင့် တစ်ဆက်တည်းတည်ရှိသော ကျွန်းများမပါဝင်” ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။”

(ဃ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဇ) **ကမ်းနားနယ်** ဆိုသည်မှာ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ကမ်းနားနယ်မြေ နယ်နိမိတ်ကို ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သီးခြား သတ်မှတ်ထားခြင်း မရှိလျှင် ဒီရေအမြင့်ဆုံးတက်ချိန်၌ မြစ်ရေရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံးပုံမှန်ရေမြင့် အမှတ် ရောက်ရှိသည့် ကမ်းပါးနယ်မှ ကုန်းတွင်းပိုင်းသို့ ပေ ၁၅၀ အထိရှိသော ကမ်းနားနယ်မြေ နယ်နိမိတ်ကိုဆိုသည်။”

(င) ပုဒ်မခွဲ ( ဋ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဋ) ပုဒ်မခွဲ (ဋ) ပါ “မြစ်ချောင်းများ ပြုပြင်ထိန်းသိမ်းရန်” ဆိုသည့်စကားရပ်နောက်တွင် “နှင့်ဖွံ့ဖြိုးတိုးတက်စေရန်” ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။”

(စ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဎ) ပုဒ်မခွဲ (ဎ) ပါ “ပို့ဆောင်ရေးဝန်ကြီးဌာနလက်အောက်ရှိ” ဆိုသည့်စကားရပ်ကို “ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန” ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြီး ပုဒ်မခွဲ (ဎ) ကို ပုဒ်မခွဲ (ဏ)အဖြစ် ပြောင်းလဲအမှတ်စဉ် တပ်ရမည်။”

(ဆ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဎ) **ဝန်ကြီးဌာန** ဆိုသည်မှာပြည်ထောင်စုအစိုးရ ပို့ဆောင်ရေး နှင့်ဆက်သွယ်ရေးဝန်ကြီးဌာနကို ဆိုသည်။ ”

၃။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၄ တွင် -

(က) ပုဒ်မခွဲ (ဃ) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(င) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင် ရာ အခြားအခွန်အခများသတ်မှတ်ခြင်း။”

၄။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၅ တွင် -

(က) ပုဒ်မခွဲ(ဃ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဃ) မြို့များအလိုက် စိုးရိမ်ရေမှတ်များ သတ်မှတ်ရာတွင် မှန်ကန်မှု ရှိစေရန်အတွက် သက်ဆိုင်ရာအစိုးရဌာန ၊ အဖွဲ့အစည်းများ နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။”

(ခ) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဇ) ပုဒ်မခွဲ (ဇ) ပါ “ရေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေးအတွက်” ဆိုသည့်စကားရပ်ရှေ့၌ “မြစ်ချောင်းများတွင် ”ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။”

(ဂ) ပုဒ်မခွဲ (ဋ) ၏ နောက်တွင် ပုဒ်မခွဲ ( ဋ - ၁ ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဋ - ၁) မြစ်ချောင်းနယ် ၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခွင့်ပြုရန် လျှောက်ထားချက်ကို စိစစ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း။”

(ဃ) ပုဒ်မခွဲ (ဎ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဎ) ရေကြောင်းပြခ၊ ရေကြောင်းအသုံးပြုခ၊ ဆိပ်ကမ်းကပ်ခ၊ ကျောက်ချရပ်နားခ၊ ဆိပ်ကမ်းမြေနေရာအသုံးပြုခ၊ မြစ်ချောင်းရေအသုံးပြုခ၊ မြစ်ချောင်းများထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန်အခများကောက်ခံခြင်း။”

၅။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၆ တွင် -

(က) ပုဒ်မခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ကမ်းထိန်းအဆောက်အအုံများ၊ လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ရေလုံသင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတား၊ လမ်း၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘောကမ်းထိုးခြင်း၊ မြောင်းဖော်၍ ရေသွယ်ယူခြင်း၊ မြစ်ရေအားအခြားနည်းဖြင့်အသုံးပြုခြင်း၊ လုပ်ကိုင်ခွင့် လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။”

(ခ) ပုဒ်မခွဲ ( ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဂ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် အဆောက်အအုံများ၊တံတားများ ဆောက်လုပ်ခွင့်နှင့် ပြင်ဆင်ခွင့် လျှောက်ထားခြင်းတို့အပေါ်စိစစ်ပြီး သက်ဆိုင်ရာအစိုးရ ဌာန အဖွဲ့အစည်းသို့ သဘောထားမှတ်ချက်ပေးခြင်း။”

(ဂ) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်တို့တွင် စီးပွားရေး အလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက် ထုတ်ခြင်းတို့အား စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။”

(ဃ) ပုဒ်မခွဲ (ဆ) ၏ နောက်တွင် ပုဒ်မခွဲ ( ဆ - ၁ ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဆ-၁) ရွှေကျင်ခြင်း ၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်းနည်းလမ်းအမျိုးမျိုးဖြင့် ရေလုပ်ငန်းဆောင်ရွက်ခြင်းများ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားချက်အပေါ် မြစ်ချောင်းရေလမ်းကြောင်းများ ထိခိုက်နိုင်ခြင်းရှိမရှိ စိစစ်၍ သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းသို့ သဘောထားမှတ်ချက် ပေးခြင်း။”

(င) ပုဒ်မခွဲ (ဇ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဇ) ပုဒ်မခွဲ (ဇ) ပါ “မြစ်ချောင်းများအတွင်း ”ဆိုသည့်စကားရပ် ကို ပယ်ဖျက်ရမည်။

(စ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဈ) မြစ်ချောင်းနယ် ၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် စီးပွားရေးအလို့ငှာ ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြား မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြေနေရာ အသုံးပြုခွင့်လျှောက်ထားခြင်းအပေါ် စိစစ်၍ ခွင့်ပြုချက်ထုတ်ပေးခြင်း။

(ဆ) ပုဒ်မခွဲ (ည) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ည) မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆက်စပ်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ချက်အရ မြစ်ချောင်းများအတွင်း တိုးချဲ့၍ မြေဖို့ပြုပြင်ခြင်းကြောင့် ရရှိလာသော မြေဧရိယာ အား ဝန်ကြီးဌာန၏လမ်းညွှန်မှုဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။

၆။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၇။ ဦးစီးဌာနသည် မိမိလုပ်ငန်းတာဝန်များကို လိုအပ်ပါက မိမိလက်အောက်ရှိ ပြည်နယ် တိုင်းဒေသကြီးဦးစီးမှူးရုံးများ၊ မြို့နယ်ဦးစီးမှူးရုံးများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၇။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၅။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်တို့တွင် ဦးစီး ဌာန၏ ခွင့်ပြုချက်မရှိဘဲ -

“(က) လွန်းလမ်း၊ သင်္ဘောကျင်း၊ ရေစိုသင်္ဘောကျင်း၊ ရေလုံသင်္ဘော ကျင်းတည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းတံတားဆောက်လုပ်ခြင်း၊ မြောင်းဖော်၍ သင်္ဘော ကမ်းထိုးခြင်း၊ ယာယီမြစ်ကူး ချောင်းကူးတံတား ဆောက် လုပ်ခြင်းမပြုရ။”

“(ခ) ငါး၊ ပုစွန်၊ ကဏန်း၊ ကဏန်းပျော့နှင့် အခြားမွေးမြူရေး လုပ်ငန်းများဆောင်ရွက်ရန်အလို့ငှာ မွေးမြူရေးကန်များ တူးဖော်ခြင်း မပြုရ။”

၈။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၃ ကို

(က) ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(က) ပုဒ်မခွဲ (က) ပါ “ပို့ဆောင်ရေးဝန်ကြီးဌာန” ဆိုသည့် စကားရပ်ကို “ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန”ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်

“(ခ) ပုဒ်မခွဲ (ခ) ပါ “ဆောက်လုပ်ခြင်းမပြုရ” ဆိုသည့် စကားရပ် ကို “လမ်းများနှင့် ကမ်းထိန်းအဆောက်အအုံများ၊ မြစ် ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောက်ရွက်ခြင်းမပြုရ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။”

(ဂ) ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

“(ဃ) ရေကြောင်းပြခ၊ ဆိပ်ကမ်းကပ်ခ၊ ရေကြောင်း အသုံးပြုခ နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဆိုင်ရာ အခြားအခွန် အခများပေးဆောင်ရန် ပျက်ကွက်ခြင်း၊ တိမ်းရှောင်ခြင်း၊ အခြားနည်းလမ်းများနှင့် အခွန်ငွေမပေးဆောင်ရအောင် ကြံရွယ်ဆောင်ရွက်ခြင်း၊ အခွန်ငွေကောက်ခံသူ ဝန်ထမ်းအား ရိုင်းပျစွာဆက်ဆံ၍ မထီမဲ့မြင်ပြုခြင်း၊ အခွန်ငွေပေးဆောင် ရန် ငြင်းဆိုခြင်း၊ ပျက်ကွက်ခြင်း၊ ရန်ပြုခြင်း၊ လက်ရောက်မှု ကျူးလွန်ခြင်းမပြုရ။”

၉။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၂၅။ ပုဒ်မ ၂၅ ပါ “ကျပ် ၅၀၀၀၀ ထက်မပိုသော ငွေဒဏ်” ဆိုသည့် စကားရပ်ကို “အနည်းဆုံးကျပ် ငါးသိန်းမှ အများဆုံးကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၀။ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၂၆ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၆။ ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်” ဆိုသည့် စကားရပ်ကို “တားမြစ်ချက်” ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း ၊ “ကျပ် ၃၀၀၀၀ ထက်မပိုသော ငွေဒဏ်”ဆိုသည့် စကားရပ်ကို “အနည်းဆုံးကျပ်သုံးသိန်းမှ အများဆုံး ကျပ်ခုနစ်သိန်းထက် မပိုသော ငွေဒဏ်” ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၁။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၂၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၂၇။ ပုဒ်မ ၂၇ ပါ “ကျပ် ၁၀၀၀၀ ထက် မပိုသော ငွေဒဏ်” ဆိုသည့် စကားရပ်ကို “အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်ငါးသိန်း ထက်မပိုသောငွေဒဏ်”ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၂။ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေ ပုဒ်မ ၃၃ ကို အောက်ပါအတိုင်း အစားထိုးရမည် -

“၃၃။ The Obstructions in Fairways Act, 1881၊ The Defile Traffic Act, 1907 ၊The Ports Act, 1908၊ ပြည်တွင်း ရေကြောင်းသွား ရေယာဉ်ဥပဒေ ( ၂၀၁၅ ခုနှစ် ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၉ )၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေ (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ )တို့နှင့် ယင်းဥပဒေများအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့် နှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက် ကျင့်သုံးနိုင်သည်။”

---

# သွင်းကုန်ပမာဏမြင့်တက်ခြင်းမှ ကာကွယ်ပေးမှု ဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာ အကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

***ယမန်နေ့မှအဆက်***

**အခန်း (၁၁)**
**နိုင်ငံတကာနှင့်ပတ်သက်၍ လိုက်နာရမည့်တာဝန်များ**

၄၇။ ဤဥပဒေသည် ၁၉၉၄ ခုနှစ်တွင် ပြဋ္ဌာန်းသော ကုန်သွယ်မှုနှင့် အကောက်ခွန်ဆိုင်ရာ အထွေထွေသဘောတူညီချက်နှင့် ကာကွယ်ပေးမှုဆိုင်ရာသဘောတူညီချက်များအပါအဝင် ၁၉၉၄ ခုနှစ် ဧပြီလ ၁၅ ရက်နေ့တွင် ဖွဲ့စည်းခဲ့သည့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်းမှ ပြဋ္ဌာန်းထားသော သဘောတူညီချက်များအရ မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် လိုက်နာရမည့် တာဝန်ဝတ္တရားများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၄၈။ မြန်မာနိုင်ငံသည် နိုင်ငံတကာသဘောတူညီချက် သို့မဟုတ် ဒေသတွင်း သဘောတူညီချက်တစ်ခုခုအရ အဖွဲ့ဝင်နိုင်ငံအနေဖြင့်လိုက်နာရန် ကတိပြုထား သည့် တာဝန်ဝတ္တရားများသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်ကွဲလွဲ မှုများ ပေါ်ပေါက်လာပါက ယင်းသဘောတူညီချက်များပါ စည်းကမ်းချက်များ အတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ရမည်။

**အခန်း(၁၂)**
**အထွေထွေ**

၄၉။ ဤဥပဒေအရ အကျိုးဝင်ဆက်နွှယ်သူများသည် စုံစမ်းစစ်ဆေးနေသည့် ကိစ္စရပ်နှင့် စပ်လျဉ်း၍ အများပြည်သူ အကျိုးရှိမရှိကို စုံစမ်းစစ်ဆေးနေသည့် ကာလအတွင်း သက်ဆိုင်သည့်သက်သေအထောက်အထားများကို ကော်မတီမှ သတ်မှတ်ထားသည့် လုပ်ထုံး လုပ်နည်းများနှင့်အညီ တင်ပြခွင့် ရှိသည်။

၅၀။ ပုဒ်မ ၂၉ အရ ကာကွယ်ပေးမှုအစီအမံများ ကျင့်သုံးရာတွင် သွင်းကုန်အပေါ်ကောက်ခံသည့် ကာကွယ်ပေးမှုအကောက်ခွန်နှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှလည်းကောင်း၊ သွင်းကုန်ပမာဏ ကန့်သတ်ခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှလည်းကောင်း ထုတ်ပြန်ထားသော လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၅၁။ ပုဒ်မ ၂၅(က)နှင့် ပုဒ်မ ၂၈(က)ပါ အကောက်ခွန်ကောက်ခံခြင်းတို့နှင့် ပုဒ်မ ၃၄ ပါ အခွန်ငွေ ပြန်အမ်းခြင်းတို့အား သက်ဆိုင်ရာအခွန်ဥပဒေနှင့် အကောက်ခွန်ဥပဒေတို့၏ စည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

၅၂။ ဝန်ကြီးဌာနသည် ကော်မတီနှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ကုန်ကျစရိတ်များကို ကျခံရမည်။

၅၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်

(က) ဝန်ကြီးဌာနသည် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# လျှပ်တစ်ပြက် ထွယ်ဆန်ယန်

**မြင့်စိုး (နတလ)**

SUPER SUNDAY ဆိုတဲ့နေ့တွေကို သူများတွေ ဘယ်လိုအဓိပ္ပာယ်ဖော်ပြီး ဘယ်လိုဖြတ်သန်းနေကြသလဲတော့ မသိ။ ကျွန်တော်ကတော့ premier league ဘောလုံးပွဲစဉ်တွေထဲက ပွဲကြီးပွဲကောင်းတွေလာတတ်တဲ့နေ့၊ ကြည့်ရတဲ့နေ့ ဆိုပြီးတော့သာ SUPER SUNDAY ရဲ့ အဓိပ္ပာယ်ကို ဖွင့်ထားတာကြာပါပြီ။ ဘောလုံးပွဲကြိုက်တယ်လေဗျာ။ ငယ်ငယ်က ကစားတတ်တာဆိုလို့လည်း ဘောလုံးနဲ့ဘော်လီဘောပဲရှိတာ၊ သူများတွေလို Golf တွေဘာတွေလည်း မရိုက်တတ်၊ Golf ရိုက်ဖို့မပြောနဲ့ ရွာမှာနေတုန်းက ကျည်းသားတောင်ဖြောင့်အောင်မရိုက်နိုင်ခဲ့ဘူး (အသားလွတ်ကြီး ကြွားနေမိပြန်ပါပြီ)။

သို့သော်ငြားလည်း ဒီတစ်ပတ် SUPER SUNDAY ကတော့ ပိုပြီး အဓိပ္ပာယ်ရှိသွားသလို၊ ကြည်နူးဝမ်းမြောက်စရာတွေနဲ့လည်း ကြုံခဲ့ရလို့ ကျေနပ်မိတယ်။ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်ရဲ့တာဝန်ပေးချက်အရ ဇန်နဝါရီ ၈ ရက်မှာ မြစ်ကြီးနားကိုအရောက်သွားပြီး ကချင် ပြည်နယ်အတွင်းက စစ်ဘေးရှောင် တိုင်းရင်းသားမိသားစုတွေအတွက် နယ်စပ်ရေးရာ ဝန်ကြီးဌာနက ထောက်ပံ့တဲ့ ဆန်၊ ဆီ၊ ဆား၊ ပဲ အစရှိတဲ့ ရိက္ခာများနဲ့ ခြုံစောင်များကို ကချင်ပြည်နယ်အစိုးရအဖွဲ့ထံလွှဲပြောင်းပေးခဲ့ပါတယ်။ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေ နံနက် ၁၁ နာရီအချိန်စီးရမည့် လေယာဉ်ခရီးစဉ် ဖြစ်တဲ့အတွက် နေပြည်တော်က နံနက်စောစောမော်တော် ယာဉ်နဲ့ထွက်၊ ၈ နာရီခွဲ လေဆိပ်ရောက်၊ လေယာဉ်က နည်းနည်းနောက်ကျသွားတဲ့အတွက် ၁၁ နာရီခွဲ လောက်မှ တံတားဦးလေဆိပ်ကနေ ထွက်နိုင်ခဲ့ပါတယ်။ မြစ်ကြီးနားရောက်ခါနီး မြင်ကွင်းတွေကို လေယာဉ်ပေါ်ကနေ လှမ်းကြည့်လိုက်တော့ တချို့စိုက်ခင်းကြီးတွေကို ဘာပင်တွေ စိုက်ထားတယ်ဆိုတာ မှန်းဆလို့မရနိုင်ခဲ့ဘူး။ စိမ်းစိမ်းညို့ညို့ စိုက်ခင်းကြီးတွေ (နောက်တစ်နေ့ ဝိုင်းမော်ဘက်ကိုကူးပြီး နောင်ချိန်း၊ ထွယ်ဆန်ယန် ရွာဘက်တွေကို သွားတော့မှ အဲ့ဒီစိုက်ခင်းကြီးတွေဟာ တစ်သျှူးငှက်ပျောစိုက်ခင်းကြီးတွေ ဖြစ်နေမှန်းသိခဲ့ရပါတယ်)

ခရီးစဉ်အစကို ပြန်ကောက်ရရင် မွန်းလွဲ ၁ နာရီ ပတ်ဝန်းကျင်လောက် မြစ်ကြီးနားကိုရောက်ပြီး ဆမားဒူးဝါဆင်ဝါးနောင်ခန်းမမှာ နယ်စပ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးတဲ့ ဆန်အိတ် ၂၀၁၀၊ ဆီပိဿာ ၄၀၂၀၊ ပဲပိဿာ ၄၀၂၀၊ ဆားပိဿာ ၄၀၂၀ နဲ့ ခြုံစောင်အထည် ၁၀၀၀ တို့ကို ကချင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်ထံကို လွှဲပြောင်းပေးခဲ့ပါတယ်။ အခမ်းအနားမှာ ဗိုလ်မှူးကြီးသူရမျိုးတင်က နိုင်ငံတော်အစိုးရရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွေကို ရှင်းလင်းပြောကြားပြီး အစိုးရထိန်းချုပ်နယ်မြေအတွင်းမရှိသော စစ်ဘေးရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများ အနေဖြင့် မိမိတို့နေရပ် အသီးသီးတွင် ပြန်လည်နေထိုင်နိုင်ရေး အကူအညီတောင်းခံလာပါက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာဖြစ်တယ်ဟု ပြောကြားခဲ့ပါတယ်။ စာရေးသူကတော့ မိမိတို့ဝန်ကြီးဌာနရဲ့ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ရခိုင်ပြည်နယ် စစ်တွေမြို့ကို သွားရောက်ပြီး နှစ်ဖက်လူ့အဖွဲ့အစည်းများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများဖြစ်သော ဆန်အိတ် ၄၀၀၀၊ ဆီ ၈၂၁၂ ပိဿာ၊ ဆား ၈၂၁၂ ပိဿာ၊ ပဲ ၈၂၁၂ ပိဿာနှင့် ငါးနီတူခြောက် ပိဿာ ၄၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း၊ အမြဲတမ်းအတွင်းဝန် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ရှမ်းပြည်နယ်အတွင်း စစ်ဘေးရှောင်တိုင်းရင်းသားမိသားစုများအတွက် လူသားချင်းစာနာထောက်ပံ့မှု အကူအညီများဖြစ်သော ဆန်အိတ် ၁၂၅၀၊ ဆီပိဿာ ၂၁၀၀၊ ဆားပိဿာ ၆၀၀၊ ပဲပိဿာ ၆၀၀၀ သွားရောက်ပေးအပ်မည့်အကြောင်း ရှင်းလင်းတင်ပြခဲ့ပါတယ်။

အခမ်းအနားအပြီးမှာတော့ စာရေးသူတို့အဖွဲ့ဟာ မြစ်ကြီးနားမြို့ ဂျာမိုင်ကောင်းရပ်ကွက်မှာ နေရာချထားပေးတဲ့ စစ်ဘေးရှောင်မိသားစုတွေနဲ့ သွားရောက်တွေ့ဆုံပြီး ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ကာ အားပေးစကားပြောကြားခဲ့ပါတယ်။ စာရေးသူအဓိကထားပြီး ပြောခဲ့တာကတော့ ယခုပေးအပ်တဲ့အကူအညီတွေဟာ လူသားချင်းစာနာထောက်ထားမှု အကူအညီဆိုတာထက်မိမိတို့ရဲ့ ဆွေမျိုးသားချင်းတွေအတွက် မေတ္တာ၊ ကရုဏာ၊ အကြင်နာတရားတွေ ရှေ့ထားပြီးပေးအပ်သော နိုင်ငံတော်အစိုးရရဲ့ စေတနာအကူအညီတွေအဖြစ် မှတ်ယူကြဖို့ပဲ ဖြစ်ပါတယ်။ သည်စခန်းတွေကို ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း (ငြိမ်း)နဲ့ တစ်ကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း (ငြိမ်း) နဲ့တစ်ကြိမ် ရောက်ခဲ့ဖူးပါပြီ။ ယခုတစ်ကြိမ်ကတော့ တတိယအခေါက်လို့ပြောနိုင်ပါတယ်။ စစ်ဘေးရှောင်စခန်းတွေမှာ လာရောက်နေထိုင်ကြရတဲ့ ကျောင်းသားအရွယ်



ကလေးငယ်တွေ အများကြီးရှိနေပါတယ်။ သူတို့ဟာ အခြေခံပညာသင်ယူခွင့်မဆုံးရှုံးသော်ငြားလည်း၊ စိတ်ခံစားမှုအနေနဲ့ကတော့ ကျောင်းမှာရှိတဲ့ တခြားကလေးတွေနဲ့ မတူနိုင်ပါဘူး။ ဥပမာတစ်ခုအနေနဲ့ ပြောပြခဲ့တာကတော့၊ သူငယ်ချင်းတွေကျောင်းမှာ အတူနေကြရင်း မင်းဘယ်ကနေကျောင်းလာတက်သလဲ မေးလာတဲ့အခါ စစ်ဘေးရှောင်စခန်းကနေလာတက်တာလို့ ဘယ်ကလေးမှဖြေချင်ကြမှာ မဟုတ်တဲ့အကြောင်း၊ ဘယ်ရွာကလာတက်တာ၊ ငါတို့ကဘယ်ရွာမှာနေတာလို့ ဝင့်ဝင့်ကြွားကြွားဖြေချင်ကြမှာပဲဖြစ်ကြောင်း၊ ဒါကြောင့် နိုင်ငံတော်အစိုးရနဲ့တပ်မတော်က ငြိမ်းချမ်းရေးအတွက် နည်းလမ်းမျိုးစုံနဲ့ ကြိုးစားဆောင်ရွက်နေချိန်မှာ မိမိတို့ကလည်း လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်းပြောကြားခဲ့ပါတယ်။

အဲ့ဒီတနင်္ဂနွေနေ့ညနေပိုင်းမှာ အချိန်နည်းနည်းရတာကြောင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနအောက်က နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း အမှတ်(၁)နဲ့ အမှတ်(၂)ကို သွားရောက်ခဲ့ပါတယ်။ အမှတ် (၁)က မိန်းကလေးကျောင်း၊ အမှတ်(၂)က ယောကျ်ားလေးကျောင်းဖြစ်ပါတယ်။ ဒသမတန်းကျောင်းသား ကျောင်းသူတွေအနေနဲ့ မကြာခင်ဖြေဆိုကြရတော့မည့် တက္ကသိုလ်ဝင်စာမေးပွဲမှာ အောင်ချက်မြင့်မားရေး၊ မိမိတို့ဝန်ကြီးဌာနအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ ပြည်ထောင်စုတိုင်းရင်းသား လူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်းနှင့် ရန်ကုန်)တွေမှာ ဆက်လက်ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများနဲ့ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ပါတယ်။ လူငယ်သင်တန်းကျောင်းတွေကိုပဲ ရောက်ရောက်၊ တခြားနယ်စပ်ဒေသတွေကိုသွားရင် တွေ့ရတဲ့ကျောင်းတွေမှာပဲဖြစ်ဖြစ် ကျွန်တော်စိတ်ဝင်တစားမေးမြန်းဖြစ်ခဲ့တာကလည်း တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် ရာခိုင်နှုန်း ဘယ်လောက်ရသလဲ၊ ဂုဏ်ထူးဘယ်လောက်ထွက်ကြသလဲဆိုတာပါပဲ။ မြစ်ကြီးနား လူငယ်(၁)နဲ့(၂)ကျောင်းတွေက ကလေးတွေကို ဂုဏ်ထူးထွက်ရင် ဘဘကသပ်သပ် ဆုချပ့်မယ်လို့လည်း ကတိပေးခဲ့ပါတယ်။

လျှပ်တစ်ပြက်မြစ်ကြီးနားလို့ အမည်ပေးထားပေမယ့် နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဧရာဝတီမြစ်ကူးဗလမင်းထင်တံတားကြီးကနေဖြတ်ပြီး ဝိုင်းမော်ဘက်ကို သွားခဲ့ပါတယ်။ ဝိုင်းမော်ကနေ နောင်ချိန်း-ထွယ်ဆန်ယန် ကားလမ်းပေါ်က ထွယ်ဆန်ယန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်နယ်စပ်ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ ဆောင်ရွက်နေတဲ့ ကျောက်လမ်းလုပ်ငန်းကို ကြည့်ရှုပြီး လိုအပ်တာတွေ ညှိနှိုင်းဆောင်ရွက်ခဲ့ကြပါတယ်။ ဆက်သွားရင်တော့ ဧွထုကိုရောက်မယ်၊ ပြီးတော့လဝါယန်။ သည်ခရီးလမ်းမှာ ကျွန်တော်စိတ်အဝင်စားဆုံးက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနကနေ သွယ်တန်းပေးထားတဲ့ မဟာဓာတ်အားလိုင်းပါပဲ။ တစ်နည်းပြောရရင် ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်လို့ကျွန်တော်မြင်ပါတယ်။ KIA ကနေခွဲထွက်ပြီး ၂၀၀၆ခုနှစ် စက်တင်ဘာ လ ၁၉ ရက်နေ့မှာတရားဥပဒေဘောင်အတွင်းဝင်ရောက်လာတဲ့ ဦးလဆန်အောင်ဝါတို့ရဲ့ ဧွထုဌာနေပြည်သူ့စစ်အဖွဲ့နဲ့ တပ်ဖွဲ့ဝင်မိသားစုတွေအတွက် နိုင်ငံတော်ရဲ့စေတနာလို့ပဲ ထင်မြင်မိပါတယ်။ နတလအနေနဲ့လည်း ဧွထု၊ လဝါယန်ဒေသမှာ လမ်း/တံတားလုပ်ငန်းတွေ၊ ပညာရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။

ဝိုင်းမော်ကနေထွက်လာတဲ့အခါ ကားလမ်းဝဲယာမှာ တစ်သျှူးငှက်ပျောစိုက်ခင်းကြီးတွေ တွေ့မြင်ခဲ့ရပါတယ်။ နောင်ချိန်းကျေးရွာအုပ်စုအထိ ကားလမ်းပေါ်က ကျေးရွာတွေအားလုံး မီးလင်းနေပါပြီ။ နောင်ချိန်းရွာမှာ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းသား ဦးတင်ဝင်းနဲ့ ကြုံကြုံဖန်ဖန်လာဆုံနေတာမို့ ကျွန်တော်နှင့်အတူပါလာတဲ့ အသုတ်မြို့သား ညွှန်ကြားရေးမှူး ဦးအုန်းမြင့်၊ အင်္ဂပူမြို့သား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူရတို့နဲ့အတူ အမှတ်တရဓာတ်ပုံရိုက်ခဲ့ပါသေးတယ်။ အပြန်ခရီးမှာ တစ်သျှူးငှက်ပျောခြံကြီးတွေကို ငေးကြည့်ရင်း လိုက်ပါလာခဲ့ပေမယ့် အတွေးအာရုံထဲမှာ ပေါ်လာတာကတော့ ငြိမ်းချမ်းရေးပုံရိပ်တွေချည်းပါပဲ။

## သုံးခွမြို့နယ်၌ ရေပြတ်လပ်မှုမရှိစေရန် အလှည့်ကျရေပေးဝေ

**သုံးခွ ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ရေပိုက်လိုင်းမှ အိမ်သွယ်ရေတိုင်များဖြင့် ရေရယူသုံးစွဲလျက်ရှိသည့် ပြည်သူများ ရေသုံးစွဲမှု အဆင်ပြေစေရန် မိုးရာသီအမီ ရေပြတ်လပ်မှုမရှိစေရန်နှင့် မီးဘေးအန္တရာယ်ကာကွယ်နိုင်ရန်အတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရပ်ကွက်အလိုက် သောက်သုံးရေများ အလှည့်ကျ ဇန်နဝါရီ ၁၀ ရက်မှစ၍ ပေးဝေသွားမည်ဟု သိရသည်။

သုံးခွမြို့ပေါ်တွင် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက်ရှိပြီး စည်ပင်သာယာရေးအဖွဲ့ပိုင်ရေကန် ၅၃ ကန်ရှိသည်။ ယင်းထဲတွင် မြို့ရေပေးရေကန် လေးကန်ပါဝင်သည်။ အမှတ်(၂)ရပ်ကွက်ရှိ ၃၁ ဧက ရေကန်ကြီးမှ အမှတ်(၂၊၄၊၁၂) ရပ်ကွက်များကို တနင်္လာနေ့နှင့် ကြာသပတေး၊ (၁၊၃၊၁၁) ရပ်ကွက်များကို ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များတွင် လည်းကောင်း၊ အမှတ် (၉) ရပ်ကွက်ရှိ ကန်သာယာရေကန် အမှတ်(၅)ရပ်ကွက်ရှိ မြို့ဦးရေကန်၊ အမှတ်(၁) ရပ်ကွက်ရှိ ကွက်သစ်ရေကန်တို့မှ (၅၊ ၆၊ ၇၊ ၈၊ ၉) ရပ်ကွက်များအား စနေနေ့မှ အင်္ဂါနေ့အထိလည်းကောင်း အလှည့်ကျရေပေးဝေမည်ဟု သိရသည်။



သုံးခွမြို့ပေါ်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၂၃၀၀ ရှိပြီး မြေအောက်ရေချိုမရရှိသဖြင့် ရေကန်များကိုသာ အားကိုးအားထားပြုနေရကြောင်း သိရသည်။ ရေလေလွင့်ပြုန်းတီးမှုမဖြစ်စေရေးအတွက် မိမိနေအိမ်ရှေ့နှင့် လမ်းများပေါ်တွင်ရေဖျန်းခြင်း၊ သစ်ပင်ပန်းပင် ရေလောင်းခြင်း၊ ကားရေဆေးခြင်းများ မပြုလုပ်ရန် အသိပေးနှိုးဆော်ထားကြောင်း သိရပြီး ရေမရရှိပါက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဖုန်း ဝ၅၆-၄၀၀၂၉ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

## လေးမျက်နှာ-ညောင်ပင်ဝဲလမ်း ကျောက်ချောလမ်းခင်း

**လေးမျက်နှာ ဇန်နဝါရီ ၁၃**

လေးမျက်နှာမြို့နယ် လေးမျက်နှာ-ညောင်ပင်ဝဲလမ်း (၁ မိုင် ၁ ဒသမ ၇ ဖာလုံ) ကျောက်ချောခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်အတွက် လမ်းပြုပြင်ဆောင်ရွက်ခြင်းကိုဇန်နဝါရီလ ပထမပတ်ကပြုလုပ်ရာ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျောက်ချောလမ်းဆောင်ရွက်ပြီးစီးသည့်အခါ ကျေးရွာအုပ်စုလေး အုပ်စုကျေးရွာပေါင်း ၂၁ ရွာ၊ ကျေးရွာ လူဦးရေ ၄၁၁၃ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုက်ရိုက်အကျိုးပြုပြီး သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ထောက်ပံ့ရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ရန် အတွက်အဓိက အသုံးပြုရသော လမ်းတစ်လမ်းဖြစ်ကြောင်း သိရသည်။ **မဝေ**

## ပွင့်ဖြူမြို့မဈေးကြီး၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ပွင့်ဖြူ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့မဈေးကြီး ညမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးငြှိမ်းသတ်မှုကြိုတင်သရုပ်ပြလေ့ကျင့်ခြင်းများကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးရှိန်းမင်းထက်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးသူဈေးသားများက မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြှိမ်းသတ်မှုများကို လက်တွေ့လေ့ကျင့်ပြုလုပ်ခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက မြို့မဈေးသူဈေးသားများအား မီးလောင်မှုမဖြစ်ပွားစေရေးအတွက် ကြိုတင်သတိပြုကာကွယ်ဆောင်ရွက်ထားရမည့် အချက်များကို လည်းကောင်း၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်မီးငြှိမ်းသတ်နည်းများကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။ **ခင်မောင်ဌေး(ပွင့်ဖြူ)**

## ပလက်ဝမြို့နယ်၌ အရေးပေါ်လူနာတင်ယာဉ်လွှဲပြောင်းလက်ခံ

**ပလက်ဝ ဇန်နဝါရီ ၁၃**

ချင်းပြည်နယ်တောင်ပိုင်း ပလက်ဝမြို့နယ် စေတနာလူငယ်သွေးအလှူရှင်အဖွဲ့ (ပလက်ဝ)အတွက် ဝေဠုကျော်ဖောင်ဒေးရှင်းက အရေးပေါ် လူနာတင်ယာဉ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်မိုးလုံလေလုံအားကစားရုံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စေတနာလူငယ်သွေးအလှူရှင် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး ဝေဠုကျော်ဖောင်ဒေးရှင်းကလွှဲပြောင်းပေးအပ်ရာမြို့နယ် ဆရာဝန်ကြီးဒေါက်တာအေးကျော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လက်ခံယူခဲ့ကြသည်။ အဆိုပါကားမှာ ဝေဠုကျော်ဖောင်ဒေးရှင်း က မတည်၍ စေတနာလူငယ်သွေးအလှူ အဖွဲ့(ပလက်ဝ)တို့ပူးပေါင်းကာလှူဒါန်းခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



## စလင်းမြို့နယ် ရွှေစောလူးဘုရားကြီးထီးတော်တင်လှူ

**စလင်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဖောင်းလင်းကျေးရွာရှိ ရှေးဟောင်းစေတီတော်ဖြစ်သော ရွှေစောလူးစေတီတော်ကြီး ထီးတော်တင်လှူပွဲကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

ရွှေစောလူးစေတီတော်မြတ်ကြီး ထီးတော်တင်လှူပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်သော ဒေါက်တာ ခင်မောင်အေး၊ ဦးနေမျိုးကျော်နှင့် အလှူရှင်ဦးသတိုးဟိန်း-ဒေါ်စိုးမာလာတို့က ရွှေစောလူးစေတီတော်ကြီးကို မင်္ဂလာအချိန်တွင် ထီးတော်တင်လှူခဲ့ကြသည်။ ရွှေစောလူးစေတီတော်ကြီး၏ ထီးတော်မှာ ၂၀၁၆ ခုနှစ် ငလျင်ဒဏ်ကြောင့် ပြိုကျခဲ့၍ ထီးတော်သစ်ပြန်လည်တင်လှူခြင်းဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## တိုင်းရင်းဆေးဖြင့် အခမဲ့ ကွင်းဆင်းဆေးဝါးကုသပေး

**ဇီးကုန်း ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် လေးမျက်နှာကျေးရွာမှ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုများကို မြို့နယ်တိုင်းရင်းဆေးဦးစီးဌာနက ဇန်နဝါရီ ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာများ အသိပညာပေးဟောပြောခြင်းကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇီးကုန်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးအောင်ညိုနှင့် ဒုလက်ထောက် တိုင်းရင်းဆေးမှူး ဒေါ်ဝါဝါခိုင်တို့ ဦးဆောင်သောအဖွဲ့က သွားရောက်ကွင်းဆင်း ကုသပေးခဲ့ပြီး လေးမျက်နှာကျေးရွာမှ ပြည်သူ ၅၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့အတူ ကျေးရွာနေပြည်သူများ ကျန်းမာရေးအသိပညာတိုးပွားစေရန်အတွက် အစားအစာနှင့် အာဟာရအကြောင်းကို ကျေးရွာမှ ပြည်သူ ၁၀၀ ခန့်အား အသိပညာပေး ဟောပြောနိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှု ပပျောက်ရေး အသိပညာပေးဟောပြော

**ချောင်းဆုံ ဇန်နဝါရီ ၁၃**

ချောင်းဆုံမြို့နယ်အတွင်း၌ သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားခြင်းမရှိစေရေးအတွက် ကျေးရွာနေပြည်သူများအား အသိပညာပေးဟောပြောပွဲကို ချောင်းဆုံမြို့မရဲစခန်းက ကြီးမှူး၍ ချောင်းဆုံမြို့နယ် မရမ်းကျေးရွာ ဓမ္မာရုံ၌ ဇန်နဝါရီ ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ချောင်းဆုံမြို့မရဲစခန်းမှ ရဲမှူးဘုန်းနိုင်၊ ဒုရဲမှူး လှခိုင်နှင့် တာဝန်ရှိသူများက သက်ငယ်မုဒိမ်းမှုများအကြောင်း၊ ကျူးလွန်ခံရသည့် အကြောင်းရင်းများ၊ သက်ငယ်မုဒိမ်းမှု ကျူးလွန်ခြင်းအတွက် ချမှတ်ထားသည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း စသည်တို့ကို ဟောပြောခဲ့ကြပြီး ဒေသခံပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သဲကုန်းမြို့မဈေး မီးဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြ

**သဲကုန်း ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ်တွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက သဲကုန်း မြို့မဈေးကြီးတွင် ဈေးမီးဘေးအန္တရာယ် ကာကွယ်ရေးသရုပ်ပြမီးငြိမ်းသတ်နည်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရေသယ်ယာဉ်များဖြင့် ကြိုတင်သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်နိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသူထက်အောင်၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးဝေယံအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ရေးမြို့နယ်၌ ကြက်ငှက်တုပ်ကွေးသုတေသနလုပ်ငန်း စမ်းသပ်ဆောင်ရွက်မည်

**ရေး ဇန်နဝါရီ ၁၃**

၂၀၁၇ခုနှစ်အတွင်း ဖေဖော်ဝါရီလမှစတင်ကာ ဧပြီလအထိ ကြက်ငှက်တုပ်ကွေးသုတေသနလုပ်ငန်း စမ်းသပ်ခြင်းကို ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (FAO)နှင့် စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့ ပူးပေါင်းကာ မြန်မာတစ်နိုင်ငံလုံးတွင် မြို့နယ် ၁၄ မြို့နယ်၌ လုပ်ဆောင်သွားမည်ဖြစ်ရာ မွန်ပြည်နယ်တွင် မော်လမြိုင်မြို့နယ်နှင့် ရေးမြို့နယ်များတွင် စမ်းသပ်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းဆောင်ရွက်မှုများအဖြစ် ကြက်ငှက်တုပ်ကွေးရောဂါနှင့်ပတ်သက်သော သွေးရည်ကြည်စုဆောင်းခြင်းကို ဘဲများတွင် အဓိက စမ်းသပ်သွားမည်ဖြစ်ကြောင်း၊ ရေးမြို့နယ်အတွင်း၌ အစင်နှင့် မင်းဆိပ်ကျေးရွာများတွင်ရှိသည့် ဘဲမွေးမြူရေးခြံများတွင် အဓိက စမ်းသပ်သွားရန်ရှိကြောင်း ရေးမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွင်အောင်က ပြောသည်။



အဆိုပါဘဲများတွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးမွှား တွေ့ရှိပါက ရောဂါကာကွယ်တားဆီးရေးအတွက် လိုက်နာရမည့်အချက်များကို အသိပညာပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းပြီး ရောဂါကူးစက်ပျံ့နှံ့ခြင်း မရှိနိုင်ရန်အတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြု လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ဒေါက်တာသန်းထွင်အောင်က ဆက်လက်ပြောကြားသည်။

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို အချိန်မီမလုပ်နိုင်ပါက ကြက်ဘဲများမှတစ်ဆင့် အခြားအိမ်မွေးတိရစ္ဆာန်များကို ရောဂါကူးစက်နိုင်သည့်အပြင် လူများကိုလည်း ကူးစက်နိုင်မည်ဖြစ်ကာ ကြက်ငှက်တုပ်ကွေးရောဂါသည် အသက်သေဆုံးသည်အထိ အန္တရာယ်ရှိနိုင်သော ရောဂါအမျိုးအစားဖြစ်ကြောင်း သိရသည်။

**နေမျိုးထွန်း (ရေး)**

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ ဆွေးနွေး



**ကသာ ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာများ သိသင့်သိထိုက်သည်များဆွေးနွေးခြင်းနှင့် ပြည်သူများ မေးမြန်းချက်များကို ဖြေကြားခြင်းကို ကသာမြို့တော်ခန်းမ၌ ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ လူ့အခွင့်အရေးဆိုင်ရာ အခြေခံအဖွဲ့ဝင် ဦးခင်မောင်လေး၊ ခရိုင် /မြို့နယ် ဌာနဆိုင်ရာများ၊ သတင်းမီဒီယာများနှင့် ရပ်ကွက် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ဒုတိယဥက္ကဋ္ဌက လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဖြင့် လူ့အခွင့်အရေးမြှင့်တင်ကြရန် ကော်မရှင်ဖွဲ့စည်းတာဝန်ပေးခြင်း၊ တိုင်တန်းချက်များ လက်ခံခြင်း၊ ကော်မရှင်မှ စုံစမ်းစစ်ဆေးခြင်း မပြုလုပ်သည့်တိုင်တန်းချက်များ UDHR ၏ အနှစ်သာရ ကောက်နုတ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် လူ့အခွင့်အရေးဆိုင်ရာ အခြေခံသဘောများ အဖွဲ့ဝင် ဦးခင်မောင်လေးက ပြောကြားခဲ့သည်

ဆက်လက်၍ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းမှုများကို ဖြေကြားပေးခဲ့ခြင်းနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို အကျယ်တဝင့် အသိပညာပေး ပြောကြားခဲ့ပြီး လက်ကမ်းစာစောင်များကို တက်ရောက်လာသူတိုင်းကို ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရန်လို

**မြစ်ကြီးနား ဇန်နဝါရီ ၁၃**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ပတ်သက်၍ မူဘောင်ရှိခြင်းထက် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လက်တွေ့လုပ်ဆောင်ရန်လည်း လိုအပ်ကြောင်း ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ အစိမ်းရောင်စီးပွားရေး မူဝါဒရေးရာအရာရှိ ဦးစိုင်းနေဝန်းမြင့်က ပြောသည်။

မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ဇန်နဝါရီ ၁၁ က ကျင်းပခဲ့သော အစိမ်းရောင်စီးပွားရေးမူဝါဒ မူဘောင်မူကြမ်း ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်မူကြမ်း ညှိနှိုင်းဆွေးနွေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဦးHလအောင်က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများက မူဘောင်နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် အစိမ်းရောင်စီးပွားရေး သဘောတရားများ၊ အစိမ်းရောင်စီးပွားရေးမူဝါဒ မူဘောင်ကြမ်းများ၊ ဒေသတွင်းစီးပွားရေး၊ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့်ပတ်သက်ပြီး လေ့လာချက်မေးခွန်းများ၊ ဒေသတွင်းရှိသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ပြဿနာများအပေါ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှသက်ရောက်မှု စသည့် အကြောင်းအရာများနှင့် ဖြေရှင်းရန်နည်းလမ်းများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

“နိုင်ငံအတွင်းမှာ ထပ်ပြီးဝင်ရောက်လာမယ့် ရင်းနှီးမြှုပ်နှံမှုတွေ ရှိလာမယ်။ ရင်းနှီးမြှုပ်နှံမှုတွေဟာ နိုင်ငံရဲ့ လူမှုသဘာဝပတ်ဝန်းကျင်တွေကို မထိခိုက်ဖို့ လိုတယ်။ အစည်းအဝေးရဲ့ရည်ရွယ်ချက်က နိုင်ငံအတွက် ဘက်စုံထောင့်စုံက အကျိုးရှိနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့၊ နိုင်ငံအတွင်းမှာရှိတဲ့ ရင်းနှီးမြှုပ်နှံမှုကနေ ဖြစ်နေတဲ့ သက်ရောက်မှုတွေကို လျှော့ချဖို့ဖြစ်ပါတယ်”ဟုလည်း ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ အစိမ်းရောင်စီးပွားရေး မူဝါဒရေးရာအရာရှိက ဆက်လက်ပြောကြားသည်။

လက်ရှိ အစိမ်းရောင်စီးပွားရေးမူဝါဒမူဘောင်မူကြမ်းကို နေပြည်တော်မှ ရေးဆွဲထားပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ကြုံတွေ့နေရသည့် အခက်အခဲများကို ထည့်သွင်းထားခြင်းမရှိသေးကြောင်း၊ မူကြမ်းကို ယခုအချိန်အထိ ပြည်နယ်နှင့် တိုင်းဒေသကြီး ခုနစ်ခုတွင် ဆွေးနွေးထားပြီးဖြစ်ကာ ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတွင် ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ရရှိလာသောအချက်များကို ဝန်ကြီးဌာနမှ တင်ပြပြီး နေပြည်တော်တွင် ဆက်လက်ဆွေးနွေးမှုများပြုလုပ်ကာ အစိမ်းရောင်စီးပွားရေးမူဝါဒ မူဘောင်မူကြမ်းကို ၂၀၁၇ အစောပိုင်းတွင် ချမှတ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ တီးတိန်မြို့၌ကျင်းပ

**တီးတိန် ဇန်နဝါရီ ၁၃**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့၌ အခွန်ဆိုင်ရာ ပညာပေးရှင်းလင်းဆွေးနွေးပွဲကို တီးတိန်မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနက ကြီးမှူး၍ ဇန်နဝါရီ ၁၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲသို့ တီးတိန်မြို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးထန်ဒိတ်ခုပ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဂိုးဆွင်းခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူများ တက်ရောက်ကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဦးခွဲရှိန်းထန်းက ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ အထူးကုန်စည်ခွန်၊ တံဆိပ်ခေါင်းခွန် စသည့် အခွန်အမျိုးမျိုးနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကာ ဆွေးနွေးပွဲတက်ရောက်သော ပြည်သူများအား အခွန်ဥပဒေနှင့်ပတ်သက်သည့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ဂျူနိုင်း**

# စည်ကားခမ်းနားစွာ ကျင်းပတော့မည့် ကယားပြည်နယ်နေ့ပွဲတော်

**ဆောင်းပါး-တင်လှိုင်(ဟိုတယ် / ခရီး)**

မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက် (ခရစ်နှစ် ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် အင်္ဂါနေ့) နံနက် ၉ နာရီအချိန်က ကယားပြည်နယ် လွိုင်ကော်မြို့နာမကရဏ မင်္ဂလာပွဲတော်သဘင်ကို ကျင်းပခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်သည် ကယားပြည်နယ်နေ့ ဖြစ်ပေသည်။ ထိုနေ့ကို စည်ကားသိုက်မြိုက်ခမ်းနားစွာ မင်္ဂလာရှိသည့် အခါကြီးရက်ကြီးအဖြစ် ကျင်းပတော့မည်ဖြစ်သည်။

ကယားပြည်နယ်နေ့ အခမ်းအနားကို ကျင်းပနိုင်ခြင်းသည် ကယားပြည်နယ်ခေါင်းဆောင်ကြီးများ၊ တပ်မတော်သားများနှင့်တကွ ကယားပြည်နယ်သူ ပြည်နယ်သားများ၏ အသက်ကို ပဓာန မထားဘဲ ရဲစွမ်းသတ္တိဖြင့် ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းများကြောင့် ဖြစ်ပေသည်။ ဝန်ကြီးစဝ်ဝဏ္ဏာ၊ စောဖျာစဝ် ငယ်ထူး၊ မဟာသရေစည်သူ ဦးစိန်၊ စောဖျာစဝ်လဝီ၊ သိုင်းဘဟန်၊ သီရိပျံချီဦးအေးမြလေး၊ ဝဏ္ဏကျော်ထင် ဗိုလ်ကြီးသန်းတင်၊ စည်သူဦးမြတ်စိုး၊ ဝဏ္ဏကျော်ထင် ဦးဘူးရယ်၊ ဦးလွိုဇီ၊ သီဟဗလဗိုလ်ပျန်စသည်တို့သည် ရှေ့ဆောင်လမ်းပြခေါင်းဆောင်ကြီးများ ဖြစ်ကြပေသည်။

ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယခုနှစ်တွင် ဦးတည်ချက်၊ ရည်ရွယ်ချက်များ ချမှတ်ကာ ကျင်းပမည်ဖြစ်ပေသည်။ ကယားပြည်နယ်တွင် မှီတင်းနေထိုင်ကြသော ပြည်သူများသည် ရိုးသားကြ၏။ မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက် လုပ်ကိုင်တတ်ကြသည်။ ကယားပြည်နယ်သူ ပြည်နယ်သားတို့သည် ကယားပြည်နယ် တည်တံ့ခိုင်မြဲရေး၊ ကယားလူမျိုး မတိမ်ကော မပပျောက်ရေးနှင့် ကယားပြည်နယ် စည်ပင်သာယာဝပြောရေးတို့ကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ရန် အဓိဋ္ဌာန်ပြုခဲ့သည်ဖြစ်ပေရာ ထိုအဓိဋ္ဌာန်ပြုချက်အတိုင်း အားလုံးအောင်မြင်စွာ ဆောင်ရွက်ခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပေသည်။

ကယားလူမျိုးများ၏ ခေါင်းဆောင်ကြီးများသည် ဇွဲသတ္တိကြီးစွာဖြင့် ကယားပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးကို အသက်စွန့်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်များကို လေ့လာတွေ့ရှိခဲ့ရပါသည်။ ပြည်တွင်းသောင်းကျန်းမှုကိုလည်းကောင်း၊ ၁၉၅၃ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် နံနက် ၂ နာရီအချိန်တွင် ပြည်ပကျူးကျော်သူ တရုတ်ဖြူတို့အားလည်းကောင်း သက်စွန့်ဆံဖျား တိုက်ထုတ်လိုက်ခြင်းဖြင့် ကယားပြည်နယ် တည်တံ့ခိုင်မြဲရေးကို အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့သည့် သာဓကများရှိခဲ့ပေသည်။ ကယားပြည်နယ် ခေါင်းဆောင်ကြီးများသည် 'ကယား'ဟူသောအမည်သို့ ပြောင်းလဲရေးကိုလည်း ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ထမြောက်အောင်မြင်ခဲ့သည်။

လွိုင်ကော်မြို့တောင်ဘက် ၁၆ မိုင်ကွာဝေးသောနေရာတွင် လောပိတရေတံခွန်ရှိသည်။ ရေတံခွန်မှာ အမြင့်ပေ ၆၀၀ ခန့်ရှိပြီး လျှပ်စစ်ဓာတ်အားထုတ်ယူရန် အသုံးပြုနိုင်၍ စက်မှုလက်မှုလုပ်ငန်းများအတွက် အထူးပင် အသုံးဝင်လျက်ရှိပေသည်။ ကယားပြည်နယ်တွင် လူမျိုးအသီးသီး၊ ဘာသာ အယူဝါဒအမျိုးမျိုး ကွဲပြားလျက်ရှိသော်လည်း လူမျိုး ဘာသာ မခွဲခြားဘဲ အခွင့်အရေးတူညီစွာ ပေးထားသဖြင့် ကယားပြည်နယ်ပြည်သူအပေါင်းတို့မှာ ချစ်ခင်ရင်းနှီးစွာ စည်းလုံးညီညွတ်လျက်ရှိကာ ကယားပြည်နယ်သည်လည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိလေသည်။

ကယားပြည်နယ်တွင် လွိုင်ကော်မြို့စတင်ပေါ်ပေါက်ခဲ့ပုံမှာ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် ဦးသီရိအမည်ရှိသော ဉာဏ်ပညာအမြော်အမြင်နှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်ကြီးသည် နေရာဒေသ အချက်ကျကျ ကောင်းမွန်ပုံကို တွေ့မြင်သိရှိသည့်အလျောက် လွိုင်ကော်မြို့ကို ဂုဏ်အင်္ဂါနှင့်ညီညွတ်အောင်စီမံ၍ ပန္နက်ချကာ စတင်တည်ထောင်ခဲ့ပေသည်။ ထိုစဉ်အခါက မြို့တည်ဆောက်သူ ဦးသီရိ၏ အမည်ကို အစွဲပြုကာ 'ဆီရိဒေါ'ဟူ၍ ခေါ်တွင်ခဲ့သည်။ ကယားဘာသာစကားဖြင့် 'သီရိ'ကို 'ဆီရိ'ဟူ၍လည်းကောင်း၊ မြို့ကို 'ဒေါ' ဟူ၍ လည်းကောင်း ခေါ်ဆိုသည်ဖြစ်ရာ 'ဆီရိဒေါ'မှာ ဦးသီရိတည်ထောင်သောမြို့သို့မဟုတ် 'သီရိ'မြို့ဟူ၍ အဓိပ္ပာယ်ရ၏။

ထို့နောက် ရှမ်းလူမျိုးများ ဝင်ရောက်နေထိုင်ကြသောအခါတွင် ဘီလူးချောင်းဘေး၌ တသီးတခြားတည်ရှိသော ရွှေတောင်ကို အစွဲပြုကာ 'လွိုင်ခေါ်'ဟု ခေါ်ဆိုကြ၏။ ရှမ်းဘာသာစကားဖြင့် 'လွိုင်' မှာ 'တောင်'ဖြစ်၍ 'ခေါ်' မှာ 'သီးခြားတည်ရှိခြင်း'ကို ခေါ်ဆို၏။ တစ်ဖန် ကာလရွေ့လျောလာပြန်သောအခါ ရှမ်းအသံထွက် 'လွိုင်ခေါ်'မှ မြန်မာအသံဖြစ်သော 'လွိုင်ကော်' သို့ ပြောင်းလဲခေါ်တွင်ခဲ့ရာ ယနေ့တိုင်ပင်ဖြစ်ပေသည်။

ကယားပြည်နယ်သည် မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများရှိသဖြင့် ချမ်းသာကြွယ်ဝသော ပြည်နယ်ဖြစ်သည်။ ကယားပြည်နယ်ထွက် ကျွန်းသစ်သည် အထူးကျော်ကြားခဲ့သည်။ မြေအောက်သတ္တုပစ္စည်းများဖြစ်သည့် သံ၊ သွပ်၊ ခဲမဖြူ၊ ခနောက်စိမ်းနှင့် အဖြိုက်နက်သတ္တုများလည်း ထွက်ရှိသဖြင့် ပြည်နယ်၏ စီးပွားရေး ဖွံ့ဖြိုးခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်းမှရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေး စက်ရုံကြီးကို ဆောက်လုပ်နိုင်ခဲ့သဖြင့် လျှပ်စစ်မီးများ ရရှိခဲ့ခြင်းဖြစ်သည်။

ကယားလူမျိုးတို့သည် မိမိတို့လူမျိုးကို အထူး ချစ်ခင်မြတ်နိုးကြသူများဖြစ်သည်။ မျိုးရိုးစဉ်ဆက် ဘိုးဘွားမိဘအမွေအနှစ်များကိုလည်း ထိန်းသိမ်းစောင့်ရှောက်တတ်သူများ ဖြစ်သည်။ မိမိတို့ပြည်နယ်နှင့် မိမိတို့လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ဆောင်ရွက်တတ်သူများဖြစ်ကြပေသည်။ ဧည့်သည်တော်များကို ပျူငှာစွာဆက်ဆံတတ်ကြသည်။

ကယားပြည်နယ်သည် လမ်း၊ တံတားများကောင်းမွန်ခြင်း၊ မြို့နယ်ချင်းဆက်တံတားများ ရှိနေခြင်းကြောင့် အရပ်ရပ်သို့ အလွယ်တကူ သွားလာနိုင်ပေသည်။ ကယားပြည်နယ်တွင် ငွေတောင်မြို့သည် လွိုင်ကော်မြို့တောင်ဘက် ကိုးမိုင်အကွာတွင် တည်ရှိ၍ ကယားအမျိုးသားတို့ အထွတ်အမြတ်ထားသော 'ဖားစည်' သွန်းလုပ်ရာဌာနနှင့် နာမည်ကျော် ငွေတောင်လွယ်အိတ်များ ရက်လုပ်ရာဌာန ဖြစ်သဖြင့် အနုပညာသည်များစုဝေးရာ မြို့တစ်မြို့ဖြစ်သည်။ ကယားအမျိုးသားတို့ ယုံကြည်ချက်အရ နက္ခတ်တာရာအပေါင်း စုဝေးရာ ငွေတောင်ကို အမှီပြု၍ ထင်ရှားသောမြို့တစ်မြို့ဖြစ်သည်။ ကယားသဇင်ပန်းနှင့် ပဏာရ တင့်တယ်လျက်ရှိသည်။ ဒွေးမယ်နော် ငွေတောင်ပြည်ပြန်ခန်း ဇာတ်လမ်းသည်လည်း အထူးကျော်ကြားခဲ့လေသည်။

ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်ကို ယခု ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပတော့မည်ဖြစ်ပေသည်။ ပွဲတော်အတွင်း နပန်းပြိုင်ပွဲ၊ ဒူးလေးပစ်ပြိုင်ပွဲ၊ မောင်းထောင်းပြိုင်ပွဲ၊ ရိုးရာဘုံပလွေ အကပြိုင်ပွဲများလည်း ပါဝင်ပြသမည်ဖြစ်ပေသည်။ ထို့အပြင် ပညာရေးပြိုင်ပွဲများ၊ ပြပွဲများ၊ စင်တင်တေးဂီတအစီအစဉ်များဖြင့်လည်း ဖျော်ဖြေမည်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်နေသော ကယားပြည်နယ်၏ ပြည်နယ်နေ့အခမ်းအနားသို့ သွားရောက်လေ့လာ ကြည့်ရှုစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

**ကယားပြည်နယ်သည် မြေပေါ်မြေအောက် သဘာဝသယံဇာတပစ္စည်းများရှိပြီး ကယားပြည်နယ်ထွက် ကျွန်းသစ်သည် အထူးကျော်ကြားခဲ့သည်။ မြေအောက် သတ္တုပစ္စည်းများဖြစ်သည့် သံ၊ သွပ်၊ ခဲမဖြူ၊ ခနောက်စိမ်းနှင့် အဖြိုက်နက် သတ္တုများလည်း ထွက်ရှိသဖြင့် ပြည်နယ်၏စီးပွားရေး ဖွံ့ဖြိုးခဲ့ခြင်းဖြစ်သည်။ ဘီလူးချောင်းမှရေအားဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူရေး စက်ရုံကြီးကို ဆောက်လုပ်နိုင်ခဲ့သဖြင့် လျှပ်စစ်မီးများ ရရှိခဲ့ခြင်းဖြစ်သည်**

## ကျောင်းဆောင်သစ်များ ဖွင့်ပွဲကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၃**

ကျောင်းဆောင်သစ်များဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့ ရှမ်းရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ လည်းကောင်း၊ ဇန်နဝါရီ ၈ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ညောင်ရွှေမြို့ ကျေးပေါခုန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌လည်း ကောင်းကျင်းပခဲ့ရာ ကျောင်းဆောင်သစ်များကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ရွှေတောင်လုပ်ငန်းစု ဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးနှင့် ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် စာသင်ကျောင်းဆောင် လှူဒါန်းမှုအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်းနှင့် ဒေသခံများအနေဖြင့် ကျောင်းဆောင်သစ်များ ရေရှည်တည်တံ့ရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက်ရွှေတောင်လုပ်ငန်းစု ဥက္ကဋ္ဌနှင့်အလှူရှင်များက ရှမ်းရွာအခြေခံပညာအထက်တန်းကျောင်းခွဲငွေပဒေသာပင်နှင့် သင်ထောက်ကူပြုပစ္စည်းများအတွက် အမေရိကန်ဒေါ်လာ ၅၅၅၀၊ ညောင်ရွှေမြို့ ကျေးပေါခုန်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းအတွက် အမေရိကန်ဒေါ်လာ ၆၅၅၀နှင့် ကျေးပေါခုန်ကျေးရွာမီးလင်းရေးအတွက် ရွှေတောင် လုပ်ငန်းစုက ငွေကျပ် သိန်း ၃၀၀ တို့ကို ပေးအပ်လှူဒါန်းကြသည်။

ရွှေတောင်လုပ်ငန်းစုက ဆောက်လုပ် လှူဒါန်းသည့်ကျောင်းဆောင်သစ်များမှာ RCတစ်ထပ်အမျိုးအစားများဖြစ်ပြီးအကျယ်အဝန်းမှာ စတုရန်းပေ ၂၇၀၀ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



## မီးဘေးလုံခြုံရေး ပညာပေးဟောပြောပြီး မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

**ဂန့်ဂေါ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မြန်မာ့သစ်လုပ်ငန်းတို့ ပူးပေါင်း၍ ဂန့်ဂေါသစ်ထုတ်လုပ်ရေးဒေသရုံး၌ မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၀ ရက်က ကျင်းပခဲ့ပြီး မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းများလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ဂန့်ဂေါသစ်ထုတ်လုပ်ရေးဒေသရုံးမန်နေဂျာ ဦးဆလိုင်းထောင်လျှန်းထန်းက မီးဘေးကာကွယ်ရေး ဟောပြောပွဲကျင်းပခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသန်းထက်အောင်က မီးဘေးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မဖေးသစ်ဆိပ်ရှိ သစ်လုံးများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရေးအတွက် မီးသတ်ဦးစီးဌာနပိုင် မီးငြှိမ်းယာဉ်တစ်စီး၊ သစ်ထုတ်ရေးဌာနပိုင် ရေသယ်ယာဉ်နှစ်စီး၊ အပေါ့စားမီးသတ်စက်တစ်လုံးတို့ အသုံးပြု၍ ဂန့်ဂေါသစ်ထုတ်လုပ်ရေးဒေသရုံးမှ ဝန်ထမ်း ၃၀ နှင့် ပူးပေါင်းကာ လက်တွေ့မီးငြှိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **(၁၀၁)**



## ဗိုလ်ချုပ်ကြေးရုပ်စိုက်ထူရေး အထိမ်းအမှတ် ကလပ်အသင်းများ ဘောလုံးပြိုင်ပွဲ ကျင်းပ

**ထီးချိုင့် ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ဗိုလ်ချုပ်ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီက ကြီးမှူးကျင်းပသော ကလပ်အသင်းများဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၁၁ ရက်က ထီးချိုင့်မြို့မအားကစားကွင်း၌ ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ရေကြောင်းမန်နေဂျာ ဦးသက်နိုင်က အမှာစကားပြောကြားပြီး ရုပ်တုဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်ထွန်းက ဘောလုံးပြိုင်ပွဲကျင်းပခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အဖွင့်ပွဲစဉ်အဖြစ် ZZFC ကလပ်အသင်းနှင့် မိုက်မိုက်(ပြည်) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ဘောလုံး ပြိုင်ပွဲတွင် ထီးချိုင့်မြို့နယ်အတွင်းရှိ ရပ်ကွက်ကျေးရွာများမှ ကလပ်အသင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပထမဆုရအသင်းအား ငွေကျပ် ၁၀ သိန်း၊ ဒုတိယ ဆုရအသင်းအား ငွေကျပ် ငါးသိန်း၊ တတိယဆုရအသင်းအား ငွေကျပ် သုံးသိန်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် ( ပြန် / ဆက် )**

## နမ့်ခမ်းမြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကျင်းပ

**နမ့်ခမ်း ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ (၁၈)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလစာမေးပွဲကို ဇန်နဝါရီ ၇ ရက်မှ ၁၁ ရက်အထိ မြို့လယ်ဘုရား ဓမ္မာရုံ၌ ကျင်းပခဲ့ပြီး သာမဏေ ၁၀၁ ပါးနှင့် လူပုဂ္ဂိုလ် ၆၅ ဦး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

စာမေးပွဲကို ဥက္ကဋ္ဌဆရာတော်များအဖြစ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်၊ မဟာစည်ရိပ်သာနှင့် သာသနာ့ဝိပုလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနဆရာတော် ဘဒ္ဒန္တသူရိယ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)နှင့် မြို့နယ်သံဃာ့နာယကဥက္ကဋ္ဌ ဇေယျာသုခကျောင်းတိုက်ဆရာတော် ဒေါက်တာအရှင်ဝိနယာစာရ(အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ)တို့က တာဝန်ယူ၍ ကြီးကြပ်သံဃာတော်များ၊ စာထောက်စာမ သံဃာတော် ၄၅ ပါးဖြင့် ဆောင်ရွက်ခဲ့သည်။

စာမေးပွဲအောင်မြင်သော သာမဏေများနှင့် လူပုဂ္ဂိုလ်များအား အောင်လက်မှတ်များ ပေးအပ်ပွဲကို ဇန်နဝါရီ ၁၂ ရက်တွင် ဆက်လက်ကျင်းပခဲ့ပြီး အမှတ်(၃၃) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်အောင်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်နှင့် မြို့နယ်ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ အလှူရှင်များက စာအောင်သာမဏေများအား အောင်လက်မှတ်များ ဆက်ကပ်ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်မင်း(ရွှေရည်မြေ)**

# MPT ဆင်းကတ်များကို MPT4U အက်ပလီကေးရှင်းဖြင့် မှတ်ပုံတင်ပြုလုပ်နိုင်



**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT ၏ ဆင်းကတ်များကို အသုံးပြုနေသူများအနေဖြင့် အွန်လိုင်းမှတစ်ဆင့် ဆင်းကတ်မှတ်ပုံတင်ခြင်းကို MPT4U အက်ပလီကေးရှင်းကို အသုံးပြု၍ သုံးစွဲသူများကိုယ်တိုင် အလွယ်တကူ မှတ်ပုံတင်ပြုလုပ်နိုင်ပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဇန်နဝါရီ ၁၀ ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

အက်ပလီကေးရှင်းကို Android နှင့် iOS နှစ်မျိုးလုံးအတွက် ထုတ်လုပ်ထားပြီး Android သုံးစွဲသူများအနေဖြင့် Google Play Store မှလည်းကောင်း၊ iOS သုံးစွဲသူများအနေဖြင့် Apple App Store မှလည်းကောင်း ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်သည်။

MPT4U အက်ပလီကေးရှင်းသည် MPT ဆင်းကတ်သုံးစွဲသူများ မိမိတို့၏ MPT အကောင့်ကို စီမံခန့်ခွဲနိုင်ရန် ၂၀၁၆ ခုနှစ် မတ်လအတွင်းက စတင်မိတ်ဆက်ခဲ့သည့် အက်ပလီကေးရှင်းဖြစ်ပြီး သုံးစွဲသူများအနေဖြင့် ဝယ်ယူထားသည့်ပက်ကေ့ချ်အလိုက် သုံးစွဲနိုင်မည့် ဒေတာပမာဏ မည်မျှကျန်ရှိသေးကြောင်း၊ ဖုန်းခေါ်ဆိုရန် မိနစ်မည်မျှကျန်ရှိသေးကြောင်း၊ လက်ကျန်ဖုန်းဘေပမာဏ မည်မျှကျန်ရှိသေးကြောင်း စသည်တို့ကို သိရှိနိုင်မည်ဖြစ်ကာ ဖုန်းငွေလွှဲပြောင်းခြင်း၊ ငွေဖြည့်ခြင်းနှင့် ပရိုမိုရှင်းအစီအစဉ်များကိုလည်း ရယူနိုင်သည့် အက်ပလီကေးရှင်းဖြစ်သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက ဆင်းကတ်များအားလုံးကို ၂၀၁၇ ခုနှစ် မတ်လနောက်ဆုံးထား၍ မှတ်ပုံတင်ရန် ညွှန်ကြားပြီးနောက် သုံးစွဲသူများအနေဖြင့် MPT4U အက်ပလီကေးရှင်းကို အသုံးပြု၍ ဆင်းကတ်မှတ်ပုံတင်ခြင်းကို လွယ်ကူစွာဆောင်ရွက်နိုင်ရန် ဗားရှင်းအသစ်ကို ထပ်ထုတ်ခြင်းဖြစ်ကြောင်း၊ ယခုနောက်ဆုံးဗားရှင်းကို အသုံးပြုကာ ဆင်းကတ်မှတ်ပုံတင်ခြင်းကို ပိုမိုအဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"သတ်မှတ်ရက်အတွင်း ဆင်းကတ်မှတ်ပုံတင်ခြင်း အချိန်မီပြီးစီးနိုင်ဖို့ နီးကပ်လာပါပြီ။ ကျွန်တော်တို့ MPT ရဲ့လက်ရှိ မှတ်ပုံတင်ပြုလုပ်နိုင်တဲ့ နေရာထောင်ပေါင်းများစွာ၊ MPT အမှတ်တံဆိပ်ဆိုင်များ၊ အွန်လိုင်းကတစ်ဆင့် မှတ်ပုံတင်နိုင်တာ တွေအပြင် အခု အက်ပလီကေးရှင်းကလည်း ဆင်းကတ်မှတ်ပုံခြင်းလုပ်ငန်းကို လွယ်ကူစေမယ့် နောက်ထပ်နည်းလမ်းတစ်ခုဖြစ်သလို သုံးစွဲသူတွေ အခမဲ့အသုံးပြုနိုင်မှာဖြစ်ပြီး မိမိတို့ရဲ့ MPT အကောင့် အချက်အလက်တွေကိုလည်း တစ်နေရာထဲမှာ ရှာဖွေနိုင်မှာဖြစ်ပါတယ်"ဟု MPT-KSGM Joint Operation ၏ Chief Commercial Officer Mr. Koichi Kawase က ပြောသည်။

အက်ပလီကေးရှင်းမှတစ်ဆင့် မှတ်ပုံတင်ပြုလုပ်ရာတွင် သုံးစွဲသူများသည် မိမိတို့၏ အချက်အလက်များကို မှန်ကန်စွာဖြည့်သွင်းရန်လိုအပ်ပြီး မြန်မာနိုင်ငံသားများအနေဖြင့် အမည်၊ နိုင်ငံသားမှတ်ပုံတင်နံပါတ်နှင့် မှတ်ပုံတင်၏ ဓာတ်ပုံများကို လိုအပ်မည်ဖြစ်ကာ နိုင်ငံခြားသားများသည် နိုင်ငံကူးလက်မှတ်ဖြင့် ဆင်းကတ်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် MPT အနေဖြင့် ဆင်းကတ်သုံးစွဲနေသူများ အလွယ်တကူ မှတ်ပုံတင်နိုင်ရန် နည်းအမျိုးမျိုးဖြင့် ဝန်ဆောင်မှုပေးလျက်ရှိရာ ဆင်းကတ်အသုံးပြုနေသူများအနေဖြင့် MPT အမှတ်တံဆိပ် အရောင်းဆိုင်များတွင်လည်းကောင်း၊ မြန်မာနိုင်ငံတဝန်းရှိ စာတိုက်ပေါင်း ၇၈၂ ခုတွင်လည်းကောင်း၊ MPT နှင့် ပူးပေါင်းထားသော ဘဏ်များနှင့် ဖုန်းဆိုင်များတွင်လည်းကောင်း၊ နိုင်ငံတစ်ဝန်းရှိ လက်လီအရောင်းဆိုင်ပေါင်း ၃၅၀၀၀ ခန့်တွင်လည်းကောင်း မှတ်ပုံတင်ပြုလုပ်နိုင်သည့်အပြင် MPT က ကွင်းဆင်းပြုလုပ်နေသော ဆင်းကတ်မှတ်ပုံတင်ပွဲတော်များ၊ Road Show များ၊ မိုဘိုင်းမော်တော်ယာဉ်(Mobile Caravan)များတွင်လည်း ဆင်းကတ်မှတ်ပုံတင်များကို ပြုလုပ်နိုင်ကြကြောင်း သိရသည်။

**သူရဖြိုး**

## နည်းပညာသတင်းတိုများ

### ဆမ်ဆောင်းက နှစ်ကူးအထူးအစီအစဉ်ပြုလုပ်

၂၀၁၇ နှစ်သစ်ကို ကြိုဆိုသည့်အထိမ်းအမှတ်အဖြစ် ဆမ်ဆောင်းမြန်မာ၏ မူလ ဆမ်ဆောင်းကုန်အမှတ်တံဆိပ် သံတမန်များဖြစ်သည့် တေးသံရှင်စိုင်းစိုင်းခမ်းလှိုင်နှင့် Bobby Soxer တို့အပြင် ကုန်အမှတ်တံဆိပ် သံတမန်အသစ်များအဖြစ် သရုပ်ဆောင် နေတိုး၊ သရုပ်ဆောင်အေးမြတ်သူ၊ မော်ဒယ် အေရိရယ်သုတနှင့် တေးသံရှင် ပန်းရောင်ခြယ်တို့ကို ခန့်အပ်ခဲ့ကာ သုံးစွဲသူများအား ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ဇန်နဝါရီ ၆ ရက်မှ လကုန်အထိအတွင်း ဆမ်ဆောင်း ဖုန်းနှင့် တက်ဘလက်များကို ဝယ်ယူသူများအတွက် ပစ္စည်းအမျိုးအစားနှင့် မော်ဒယ်အလိုက် လက်ငင်းငွေသား လက်ဆောင်များနှင့် အထူးလက်ဆောင်များ ပြန်လည်ပေးအပ်မည့် နှစ်သစ်ကူး အထူးအစီအစဉ်တစ်ခုကိုလည်း ပြုလုပ်ထားကြောင်း သိရသည်။

အထူးအစီအစဉ်အရ Galaxy စမတ်ဖုန်း သို့မဟုတ် တက်ဘလက်များကို ဝယ်ယူသူများအနေဖြင့် ကျပ် ၁၀၀၀၀ မှ ၄၀၀၀၀ အထိ လက်ငင်းငွေသား တုံ့ပြန်မှုများကို ရနိုင်မည့်အပြင် ကျပ် ၂၀၀၀၀ မှ ၇၀၀၀၀ ခန့်အထိ တန်ဖိုးရှိမည့် လက်ဆောင်များကိုလည်း ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**

### ကွန်ပျူတာအသင်းများ စုံညီအခမ်းအနားကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာပညာရှင်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ကွန်ပျူတာလုပ်ငန်းရှင်အသင်းတို့၏ အသင်းသားစုံညီအခမ်းအနားနှင့် အလုပ်အမှုဆောင်အဖွဲ့သစ်သို့ ရာထူးတာဝန်လွှဲပြောင်းခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၄ ရက်တွင် MICT Park ပင်မဆောင်ရှိ Conference Hall ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ ကွန်ပျူတာအသင်းများ၏ အသင်းသားစုံညီအခမ်းအနားမှာ နှစ်စဉ်ကျင်းပသော အခမ်းအနားဖြစ်ပြီး အလုပ်အမှုဆောင်အဖွဲ့သစ်သို့ ရာထူးတာဝန် လွှဲပြောင်းခြင်းမှာမူ ယခုနှစ်တွင် ယခင်နှစ်များနှင့်မတူဘဲ အလုပ်အမှုဆောင်အဖွဲ့သစ် ရွေးကောက်ပွဲတွင် အသင်းသားများကိုယ်တိုင် အွန်လိုင်းမှ မဲပေးနိုင်သည့်စနစ်များဖြင့် အမှုဆောင်အဖွဲ့သစ်ကို ရွေးကောက်ခဲ့ကြောင်း သိရသည်။ **သူရဖြိုး**

# အင်တာနက် ဘေးကင်းလုံခြုံစွာသုံးတတ်စေရန် ၂၀၁၇ ခုနှစ်အတွင်း လူဦးရေအနည်းဆုံး ၅၀၀၀၀ ကို တယ်လီနောက ပညာပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

အင်တာနက်သုံးစွဲသူများအနေဖြင့် အင်တာနက်ကို လုံခြုံစိတ်ချရစွာ အသုံးပြုနိုင်စေရန်နှင့် အွန်လိုင်းမှတစ်ဆင့် ရရှိနိုင်သော အခွင့်အလမ်းများစွာကို ပြည့်ပြည့်ဝဝ အသုံးချနိုင်စေရန် ရည်ရွယ်ပြီး အသိပညာပေးမှုများကို တယ်လီနောမြန်မာက ပြုလုပ်လျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်အတွင်း လူဦးရေ အနည်းဆုံး ၅၀၀၀၀ ကို အသိပညာပေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"အင်တာနက်က နေ့စဉ် လူမှုနေထိုင်မှုဘဝတွေကို ပြောင်းလဲစေခဲ့ပါတယ်။ တခြားနိုင်ငံတွေမှာတော့ ဒီလိုအပြောင်းအလဲကို ဆယ်စုနှစ်များစွာကတည်းက တွေ့ကြုံပြီးဖြစ်ပေမယ့် မြန်မာလူဦးရေရဲ့ အများစုကတော့ အင်တာနက်အသုံးပြုခြင်းက ရလာမယ့် အကျိုးအပြစ်တွေကို သိရှိနိုင်ဖို့ အသစ်အဆန်းဖြစ်နေပါသေးတယ်။ အင်တာနက်ကရရှိနိုင်မယ့် လူမှုရေးနဲ့ စီးပွားရေးဆိုင်ရာ အခွင့်အလမ်းတွေကို အသုံးပြုသူတွေကြားမှာ ပိုမိုသိရှိလာစေဖို့ အထူးသဖြင့်တော့ အင်တာနက်အသုံးပြုတာကနေ အန္တရာယ်ရနိုင်ချေများတဲ့ အသက်အရွယ်အုပ်စုတွေကို ပညာပေးဖို့ တယ်လီနောက ဆောင်ရွက်နေပါတယ်။ ဒီလိုဆောင်ရွက်ခြင်းကလည်း အားလုံးအတွက် အင်တာနက်ကို ဝန်ဆောင်မှုပေးတဲ့အခါမှာ သုံးစွဲသူတွေအနေနဲ့ လုံခြုံစိတ်ချစွာနဲ့ အကျိုးရှိရှိ အသုံးချနိုင်လိမ့်မယ်လို့ တယ်လီနောက ယုံကြည်တာကြောင့်ဖြစ်ပါတယ်"ဟု တယ်လီနောမြန်မာမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ကိုမင်းသူက ပြောကြားသည်။

"မြန်မာနိုင်ငံရဲ့ဆက်သွယ်ရေးကဏ္ဍဟာ လျင်လျင်မြန်မြန် တိုးတက်ပြောင်းလဲနေပြီးတော့ လူဦးရေအများစုဟာလည်း ဒီလို အံ့အားသင့်ဖွယ်ကောင်းအောင် တိုးတက်နေတဲ့ မိုဘိုင်းကွန်ရက်နဲ့ အင်တာနက်ကို အသုံးပြုနိုင်နေပြီဖြစ်ပါတယ်။ မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်တာနဲ့အညီ ကျွန်တော်တို့အနေနဲ့ သုံးစွဲသူတွေ အင်တာနက်ကို တာဝန်သိစိတ်အပြည့်နဲ့ သုံးစွဲနိုင်သူတွေဖြစ်လာအောင်၊ အင်တာနက်ကို အသုံးပြုပြီး သူတို့ရောက်ရှိလိုတဲ့ ရည်ရွယ်ချက်တွေရရှိ အောင် ပြောင်းလဲပေးတဲ့နေရာမှာ တယ်လီနောမြန်မာအနေနဲ့ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။ ဒါ့အပြင် သုံးစွဲသူတွေ၊ အထူးသဖြင့် ကလေးငယ်တွေအနေနဲ့ အင်တာနက် အသုံးပြုမှုနဲ့ပတ်သက်ပြီး နားလည်သဘောပေါက်မှုရှိဖို့က အလွန်အရေးကြီးတယ်ဆိုတာကိုလည်း ကျွန်တော်တို့ရဲ့ စစ်တမ်းက ဖော်ပြနေပါတယ်။ ၂၀၁၇ ခုနှစ်မှာ ကျွန်တော်တို့အနေနဲ့ ပိုမိုများပြားတဲ့ လူတွေဆီကိုလည်း ဒီအကြောင်းနဲ့ပတ်သက်ပြီး ပြောနိုင်ဖို့ အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်နိုင်မယ့် အခွင့်အရေးတွေကိုလည်း ရှာဖွေသွားဖို့ရှိပါတယ်"ဟု လည်း ကိုမင်းသူက ဆက်လက်ပြောကြားခဲ့သည်။

တယ်လီနောအနေဖြင့် ပြီးခဲ့သော ၂၀၁၆ ခုနှစ်တွင်လည်း စာသင်ခန်းများနှင့် လူမှုပတ်ဝန်းကျင်များမှ ကလေးသူငယ်များ၊ လူငယ်များနှင့် မိဘများ စုစုပေါင်း လူဦးရေ ၂၄၀၀၀ ကို ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုနှင့်ပတ်သက်၍ အသိပညာပေးမှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ အသိပညာပေးမှုများကို အလင်းအိမ်စင်တာများမှ စွန့်ဦးတီထွင်သူများနှင့်ပူးပေါင်း၍လည်းကောင်း ရန်ကုန်နှင့် မန္တလေးမြို့များရှိ စာသင်ကျောင်းများမှလည်းကောင်း မတူညီသည့် လမ်းကြောင်းများမှတစ်ဆင့် ပြုလုပ်ခဲ့ကြောင်း သိရသည်။ တယ်လီနောအနေဖြင့် ဘေးကင်းသည့် အင်တာနက်အသုံးပြုမှုနှင့်ပတ်သက်သော လမ်းညွှန်စာအုပ် ၁၅၀၀ ကျော်ကိုလည်း ဖြန့်ဖြူးပေးခဲ့သည်။ ထို့အတူ တယ်လီနောလုပ်ငန်းစုတည်ရှိရာ နိုင်ငံပေါင်း ၁၃ ခုတွင်လည်း လုပ်ငန်းစုဆိုင်ရာစစ်တမ်းဖြစ်သည့် ဒစ်ဂျစ်တယ်ဆိုင်ရာ အနိုင်ကျင့်မှုများ ကြုံတွေ့နေရခြင်းနှင့်ပတ်သက်သည့် စစ်တမ်းကို တယ်လီနောက ၂၀၁၆ ခုနှစ်အတွင်းက ပြုလုပ်ခဲ့ပြီး အဆိုပါ စစ်တမ်းတွင် အင်တာနက်အသုံးပြုသူပေါင်း ၁၂၀၀၀ ကျော်ထံမှ မေးမြန်းစစ်တမ်းကောက်ယူချက်များအရ အရွယ်ရောက်ပြီးသော အင်တာနက်သုံးသူတိုင်း၏ ၂၅ ရာခိုင်နှုန်းသည် ၎င်းတို့ပတ်ဝန်းကျင်၌ အင်တာနက်အသုံးပြုရာတွင် အနိုင်ကျင့်ခံနေရသည်ဟု ယူဆရသော ကလေးငယ်များကို တွေ့ရှိဖူးကြောင်းနှင့် ၁၁ ရာခိုင်နှုန်း ကလေးငယ်များမှာ ၎င်းတို့ကိုယ်တိုင် ဒီဂျစ်တယ်နည်းအရ အနိုင်ကျင့်ခံနေရသူများ သို့မဟုတ် အနိုင်ကျင့်ခံထားရသူများကို သိကျွမ်းသူများဖြစ်ကြောင်း သိရသည်။ **သူရဖြိုး**



New Product

# ၂၂ ဒသမ ၅ မဂ္ဂါပစ်ဇယ် ကင်မရာပါဝင်တဲ့ Xiaomi Mi Note 2

Xiaomi Mi Note 2 ဟာ နိုင်ငံတကာဈေးကွက်မှာ ပြီးခဲ့တဲ့နှစ် နိုဝင်ဘာလအတွင်းက စတင်ရောင်းချခဲ့ပြီး ပြည်တွင်းဈေးကွက်ကိုတော့ ဒီဇင်ဘာလအတွင်းက စတင်ဝင်ရောက်ထားတဲ့ဖုန်းဖြစ်ပါတယ်။ နောက်ဆုံးပေါ် လုပ်ဆောင်ချက်တွေပါဝင်ပြီး အရည်အသွေးပိုင်းမှာလည်းကောင်းမွန်သလို ဈေးနှုန်းအားဖြင့်လည်း အသင့်အတင့်သာရှိတာကြောင့် Xiaomi တံဆိပ်ကို သုံးစွဲနေသူတွေ အကြိုက်တွေ့ဦးမယ့် ဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။

မျက်နှာပြင်အကျယ်က ၅ ဒသမ ၇ လက်မရှိလို့ အရွယ်အစားကြီးမားတဲ့ ဖုန်းအမျိုးအစားဖြစ်ပြီး ရုပ်ထွက်အရည်အသွေးက 1080x1920 pixels ရှိလို့ အရည်အသွေးကောင်းမွန်ပါတယ်။ အန်းဒရွိုက်ဗားရှင်းက 6.0 Marshmallow ပါဝင်ပြီး UI အနေနဲ့ MIUI ဗားရှင်း 8.0 ကို အသုံးပြုထားပါတယ်။ CPU က Quadcore ပဲရှိလို့ Octacore CPU တွေ အသုံးများလာတဲ့အချိန်မှာ နိမ့်နေတယ်ထင်ရပေမယ့် ပုံမှန်လုပ်ဆောင်ချက်တွေကိုတော့ ပေါ့ပေါ့ပါးပါး အသုံးပြုနိုင်မှာပါ။ RAM နဲ့ မင်မိုရီပိုင်းမှာတော့ RAM 4GB, မင်မိုရီ 64 GB Edition နဲ့ RAM 6GB, မင်မိုရီ 128GB Edition လို့ နှစ်မျိုးထွက်ထားပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာဟာ ၂၂ ဒသမ ၅ မဂ္ဂါပစ်ဇယ်ရှိလို့ အထင်ကြီးလောက်စရာဖြစ်ပြီး ဓာတ်ပုံနဲ့ ဗီဒီယိုတွေကို အရည်အသွေးကောင်းမွန်စွာ ရိုက်ကူးနိုင်မယ့် လုပ်ဆောင်ချက်တွေ ထည့်ပေးထားပါတယ်။ ဗီဒီယိုကို 2160 pixels အထိ အရည်အသွေးရှိတဲ့ Full HD ဗီဒီယိုတွေ ရိုက်ကူးနိုင်တာက Xiaomi Mi Note 2 ရဲ့အားသာချက်ဖြစ်ပါတယ်။ ရှေ့ကင်မရာက ၈မဂ္ဂါပစ်ဇယ်အထိရှိတာကြောင့် ဆယ်လ်ဖီဝါသနာရှင်တွေအတွက်လည်း အဆင်ပြေစေမှာဖြစ်ပါတယ်။

Xiaomi Mi Note 2 မှာ ဆင်းကတ်နှစ်ကတ် ထည့်သွင်းအသုံးပြုနိုင်ပြီး မိုဘိုင်းနက်ဝပ်က GSM ဖြစ်ပါတယ်။ အင်တာနက်နက်ဝပ်အတွက်တော့ 4G(LTE) ကို ထောက်ပံ့ပေးထားပါတယ်။ ဘက်ထရီပိုင်းမှာ 4070 mAh ရှိတဲ့ ဘက်ထရီကို ထည့်သွင်းပေးထားလို့ စွမ်းဆောင်ရည်ပြည့်ဝပြီး မိနစ် ၃၀ အတွင်းမှာ ၈၃ ရာခိုင်နှုန်းအထိ အားပြည့်စေမယ့် Quick Charge လုပ်ဆောင်ချက်လည်း ပါဝင်ပါတယ်။ တိကျမြန်ဆန်တဲ့ လက်ဗွေဖတ်စနစ်လည်း ပါဝင်ပြီး အခြားအားသာချက်တွေအနေနဲ့ ဖုန်းရဲ့ စပီကာနဲ့ ဖုန်းရဲ့ မိုက်ခရိုတွေကို အဆင့်မြှင့်တင်ထားလို့ ဖုန်းပြောတဲ့အသံ အရည်အသွေးကိုလည်း ကောင်းမွန်စေမှာဖြစ်ပါတယ်။ Xiaomi Mi Note 2 ရဲ့ အားနည်းချက်လို့ဆိုနိုင်တဲ့ တစ်ချက်ကတော့ မင်မိုရီကတ် ထည့်သုံးဖို့ အပေါက်မပါတဲ့အတွက် ပြင်ပမင်မိုရီကတ် ထိုးစိုက်မသုံးနိုင်ခြင်းပဲဖြစ်ပါတယ်။

Xiaomi Mi Note 2 ရဲ့ RAM 4GB, မင်မိုရီ 64 GB Edition ကို ပြည်တွင်းဈေးကွက်မှာ ကိုယ်ထည်အရောင် ငွေရောင်၊ ရွှေရောင်နဲ့ အမည်းရောင် သုံးမျိုးရရှိနိုင်ပြီး ဈေးနှုန်းက ကျပ် ၅၃၀၀၀၀ ဝန်းကျင်ရှိပါတယ်။ RAM 6GB , မင်မိုရီ 128GB Edition ကိုတော့ လက်ရှိ ပြည်တွင်းဈေးကွက်ထဲက ဆိုင်တွေမှာ အတွေ့ရနည်းနေပါတယ်။

**သူရဖြိုး**



# အဘိဓဇမဟာရဋ္ဌဂုရု
# လယ်ဝေးပေါက်မြိုင်ဆရာတော်ကြီးအား
# အထူးဂုဏ်ယူဝမ်းမြောက် ကြည်ညိုပူဇော်ခြင်း

နေပြည်တော်ကောင်စီနယ်မြေ၊ လယ်ဝေးမြို့နယ်၊ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန မဟာနာယကဆရာတော် ဘဒ္ဒန္တဇနိန္ဒမဟာထေရ်မြတ်ကြီးအား ၂၀၁၇ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက နိုင်ငံတော်၏ သာသနာတော်ဆိုင်ရာ အဆင့်မြင့်ဆုံးဘွဲ့တံဆိပ်တော်ဖြစ်သည့် အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ပူဇော်ဆက်ကပ်လှူဒါန်းကြောင်း သိရှိရပါသဖြင့် တည့်ဒါယကာ၊ ဒါယိကာမများက အထူးဂုဏ်ယူဝမ်းမြောက် ပီတိဖြစ်ကြရပါကြောင်း ဖော်ပြပူဇော်အပ်ပါသည်။

**C&S Construction Group Co.,Ltd**
**Great Horizon Group Co.,Ltd**
**စံဖွံ့ဖြိုးလုပ်ငန်းပေါင်းစုံကုမ္ပဏီလီမိတက်**
**Be One Group of Companies**
**Jupitor Rays International Co.,Ltd**
**Hlyat Nwel Services Co.,Ltd**
**K&A Business Solutions Co.,Ltd**
**As One Co.,Ltd**

# လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၇)ဖြင့် **ဒေါ်ဌေးဌေးရီ (Managing Director, Golden Hours Co.,Ltd. နှင့် ရွှေနရီဆောက်လုပ်ရေး)** အား နိုင်ငံတော်မှချီးမြှောက်သော **သုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တော်ကို ထိုက်တန်စွာရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်ကျန်းမာစွာဖြင့် နိုင်ငံနှင့် သာသနာတော် အကျိုးကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဂုဏ်ပြုအပ်ပါသည်။

**Golden Hours Co.,Ltd. မှ ဝန်ထမ်းများ**
**သမာဓိ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများ၊ နေပြည်တော်၊ ပျဉ်းမနား**
**ရွှေနရီအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများ၊ ၈၈ ရပ်ကွက်၊ ဒဂုံဆိပ်ကမ်း၊ ရန်ကုန်။**
**ရွှေနရီအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများ၊ နေပြည်တော်၊ ပုဗ္ဗသီရိဈေး။**
**ရွှေနရီဆောက်လုပ်ရေးနှင့် မျက်နှာကြက်တပ်ဆင်ရောင်းဝယ်ရေးမှ ဝန်ထမ်းများ**
**ရွှေနရီ Bentonite ရောင်းဝယ်ရေးမှ ဝန်ထမ်းများ**
**ထွန်းမိသားစုသစ်စက်နှင့် အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ ဝန်ထမ်းများ**

**ပျောက်ဆုံးကြောင်း**
နန်းရှဲန်ဟုန် ၁၃/တခလ(နိုင်)၀၈၉၇၂၈ (ဘ) စိုင်းမုန့်တစ်၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၂၅၀၈၈၀**

**မိဘအမည်မှန်**
မိုင်းပျဉ်းမြို့နယ်၊ မူလွန်(ဝမ်းယန်း) ပဠမတန်းမှ မောင်မင်းသွေးကို၏ မိဘအမည်မှန်မှာ ဦးမောင်ကျော် ၁၃/မပတ(နိုင်)၀၃၃၃၅၇ နှင့် ဒေါ်စိုးစိုးနွယ် ၅/ကနန(နိုင်)၀၃၅၇၆၃ ဖြစ်ပါကြောင်း။ **ဦးမောင်ကျော်-ဒေါ်စိုးစိုးနွယ်**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**
ယာဉ်အမှတ် 8L/2013 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**
လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ နယ်မြေ ၁ အတွင်းရှိ အကွက်အမှတ် ၉/မြို့ဝမ်ရပ်၊ ဦးပိုင်အမှတ် ၃၈/၁၉၀၊ မြေချိန်ဧရိယာ ၀ဒသမ ၀၄၄၈ဧက၊ အမှုတွဲအမှတ် ၃၂၅-၅/၂၀၀၆-၂၀၀၇ (အေ)အရ ဒေါ်တင်တင်ညို အမည်ပေါက် ပိုင်ဆိုင်ခဲ့ရာ ၂၈-၄-၂၀၀၉ ရက်စွဲပါစာချုပ်အမှတ် ၂၇၂I/၂၀၀၉ဖြင့် ဦးမျိုးမင်းစိုးက ဝယ်ယူပိုင်ဆိုင်ထား ပြီးဖြစ်၍ ဦးမျိုးမင်းစိုးမှ အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ရက်ပေါင်း၂၀အတွင်း လားရှိုးခရိုင်အ ထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးမျိုးမင်းစိုး ၉/မခန(နိုင်)၀၀၀၅၉၂**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၃၉ယ/၃၄၇၂၃ Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးမြတ် ၉/နထက(နိုင်)၀၇၇၁၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အခမဲ့ကုပေးမည်**
ဆေးမတိုး/ကုရခက်
ကင်ဆာနှင့်ရောဂါစုံဖြစ်နေလျှင်
သဘာဝရှင်ဆေးခန်း
ဖုန်း-09 261186511 သို့ဆက်သွယ်ပါ။

**တိုက်ခန်းသစ်ရောင်း/ငှားမည်**
၁၂ ပေ x ၅၅ ပေ
မြေညီထပ်၊ ပြင်ဆင်ပြီး
အောင်ဇေယျ (၅) လမ်း၊ သုဝဏ္ဏ
၀၉-၇၉၅၃၆၁၈၇၇၊ ၀၉-၂၅၀၃၂၁၀၂၀

**ပျောက်ဆုံးကြောင်း**
Green Channel Travels & Tours Company Limited ၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်မူရင်း ၄၃၈/ ၀၇-၀၈ သည် ၂၃-၁၂-၁၆တွင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၃၀၂၁၀၀၅၇**

# လုပ်ငန်းရှင်များအခက်အခဲကို လျင်မြန်စွာဆောင်ရွက်ပေးမည်ဆိုပါက များစွာအဆင်ပြေသွားမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ယနေ့ နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများ၊ အကြံပြုချက်များ၊ တင်ပြချက်များကို လုပ်ထုံး လုပ်နည်းနှင့်အညီ အမြန်ဆုံးကူညီ ဆောင်ရွက်ဖြေရှင်းပေးနိုင်ရန် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ပထမအကြိမ် တွေ့ဆုံပွဲကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်က ကျင်းပခဲ့ကြောင်း၊ ပထမအကြိမ်ဆွေးနွေးပွဲတွင်

*စာမျက်နှာ ၅ ကော်လံ ၁* ❄




ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒုတိယအကြိမ် ပုံမှန်တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

# ရန်ကုန်မြို့ဘတ်စ်ကားစနစ်သစ်စတင်ပြေးဆွဲရာတွင် ပါဝင်ကူညီမည့်စေတနာ့ဝန်ထမ်းများနှင့် တွေ့ဆုံညှိနှိုင်း

**ရန်ကုန် ဇန်နဝါရီ ၁၃**

ရန်ကုန်မြို့တော်၏ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ၌ ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ် စတင်ရာတွင် အများပြည်သူ ခရီးသွားများအား ကူညီဆောင်ရွက်ပေးမည့် စေတနာ့ဝန်ထမ်းများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ရန်ကုန်မြို့၏ ဘတ်စ်ကားပြေးဆွဲမှု စတင်မည့် ဇန်နဝါရီ ၁၆ ရက်တွင် ဘတ်စ်ကားစီးခရီးသည်များ အခက်အခဲကြုံတွေ့လာပါက ကူညီဆောင်ရွက်ပေးကြမည့် စေတနာ့ဝန်ထမ်းအဖွဲ့များနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့ တိုင်းဒေသကြီးလွှတ်တော်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး မြို့ပြပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ဘတ်စ်ကားစနစ်

*စာမျက်နှာ ၅ ကော်လံ ၁* ❐



ဓာတ်ပုံ - ဦးဖြိုးမင်းသိန်း ဖေ့စ်ဘွတ်ခ်

# ကမ္ဘာ့ချန်ပီယံလုပွဲ ယနေ့ ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၃**

ဘက်စုံကိုယ်ခံပညာသုံး MMA အားကစားနည်းဖြင့် နာမည်ကျော်ကြားလာသည့် ကချင်တိုင်းရင်းသား အောင်လအန်ဆန်၏ ပထမဆုံး ကမ္ဘာ့ချန်ပီယံလုပွဲကို ဇန်နဝါရီ ၁၄ ရက် **(ယနေ့)** ညပိုင်းတွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပမည်ဖြစ်သည်။ အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်မှစ၍ MMA ပြိုင်ပွဲများ ယှဉ်ပြိုင်ထိုးသတ်ခဲ့ပြီး ကစားသမားဘဝ ပထမဆုံးအကြိမ် ကမ္ဘာ့ချန်ပီယံလုပွဲ ထိုးသတ်ခွင့်ရရှိခြင်းဖြစ်သည်။

အောင်လအန်ဆန် ယှဉ်ပြိုင်မည့် MMA ပြိုင်ပွဲတွင် တွဲဆိုင်း ကိုးပွဲ ပါဝင်မည်ဖြစ်ပြီး အောင်လအန်ဆန်နှင့် ရုရှားနိုင်ငံသား ဗစ်တာလီဘစ်ဒက်ရှ်တို့၏ မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကို Main Event အဖြစ် ကျင်းပမည်ဖြစ်သည်။ မူလက မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲအဖြစ် ဗစ်တာလီနှင့် အခြားကစားသမားတစ်ဦး ယှဉ်ပြိုင်

*စာမျက်နှာ ၅ ကော်လံ ၄* ❂

ရွှေပြည်နန်း သနပ်ခါး

အဆီမပြန်၊ ဝက်ခြံကင်း၊ ချွေးပေါက်ကျဉ်းစေတဲ့ အလှတရား၊ မြန်မာ့ရွှေပြည်နန်း သနပ်ခါး . . .



နန်းခမ်းမို

ကျွန်မနာမည်ကနန်းခမ်းမိုပါ။ ကျွန်မ၏မျက်နှာမှာအဆီအရမ်းပြန်သောကြောင့်ဝက်ခြံတွေအရမ်းပေါက်ပါသည်။ ကျွန်မအသက်(၁၂)နှစ်အရွယ်လောက်ကတည်းက ဝက်ခြံတွေစပေါက်ခဲ့တာပါ။ အရမ်းစိတ်ညစ် ခဲ့ရပါတယ်။ ကျွန်မအပျိုပေါက်လေးဆိုတော့ ကျောင်းသွားရင်အရမ်းလှချင်ပေမယ့်မလှပခဲ့ပါဘူး။ တရုတ်ဆေး၊ အင်္ဂလိပ်ဆေး၊ အပူငြိမ်းဆေး၊ ဝက်ခြံပျောက်စေနိုင်တဲ့ဆေးတွေ အမျိုးမျိုးသုံးခဲ့ပေမယ့် ဝက်ခြံတွေမပျောက်ခဲ့ပါဘူး။ တရုတ်ဆေးကိုလိမ်းတဲ့အခါမှာလည်း အစကတော့သက်သာမလိုနဲ့ နောက်ပိုင်းမျက်နှာတွေမဲလာသလိုရှိသောကြောင့် ဆက်မလိမ်းရဲတော့ဘဲ ရပ်ထားလိုက်ပါတယ်။ အင်္ဂလိပ်ဆေးလိမ်းပြန်တော့လည်း အသက်ငယ်ပြီး အသားအရေက နုနယ်တာကြောင့် မျက်နှာမှာဆေးတွေစားပြီး ချွေးပေါက်ကျယ်လာကာ အဆီပိုပြန်ပြီးဝက်ခြံထွက်ဖို့ ပိုအားပေးသလိုဖြစ်ခဲ့ပါတယ်။ တိုင်းရင်းဆေးသောက်တာများတော့လည်း ဆေးမတိုး တော့ပါဘူး။ နောက်ဆုံးမှာဘာမှမလိမ်းရဲတော့ဘဲ ကျောင်းကိုမျက်နှာပြောင်ကြီးနဲ့သွားနေတော့ပါတယ်။ နေပူထဲ မျက်နှာပြောင်ကြီးနဲ့သွားလာပါများတော့ အဆီ၊ ချွေး မသန့်ရှင်းတဲ့အမှုန်တွေကြောင့် မျက်နှာမှာဝက်ခြံတွေ ထပ်ထွက်လာပြန်တယ်။ ကျွန်မအရမ်းစိတ်ညစ်မိပါတယ်။ မေမေလည်း ကျွန်မမျက်နှာကိုကြည့်ပြီး စိတ်မချမ်းသာဘဲ ဟိုစပ်စပ်ဒီစပ်စပ် ဘာဆေးကောင်းမလဲ လျှောက်မေးခဲ့ပါတယ်။ အလှကုန်ဆိုင်တစ်ဆိုင်က သဘာဝ သနပ်ခါးစစ်စစ်ဖြင့် ဖော်ထုတ်ထားတဲ့ ရွှေပြည်နန်းကထုတ်သည့် သနပ်ခါးအမျိုးမျိုးဖြင့် မိတ်ဆက်ပေးပါခဲ့တယ်။ မေမေက **သဘာဝအသားဖြူသနပ်ခါး** ဘူးစိမ်းလေးကိုရွေးပြီးဝယ်လာပေးပါတယ်။ ကျွန်မလည်းအသားဖြူသနပ်ခါးကို စွဲလိမ်းကြည့်လိုက်တာ အဆီမပြန်တော့ဘဲ ဝက်ခြံတွေပါ သက်သာပျောက်ကင်းခဲ့ပါတယ်။ အသားလည်းဖြူလာပါတယ်။ ရွှေပြည်နန်းကိုသုံးစွဲလာခဲ့တာ ယခုဆို (၇)နှစ်ရှိပါပြီ။ သူငယ်ချင်းတွေ ကြားထဲမှာလည်းရဲရဲကြီးခေါင်းကိုမော့ပြီးသွားရဲပါပြီ။ ကျေးဇူးကမ္ဘာပါလို့ ရွှေပြည်နန်းကုမ္ပဏီကိုပြောချင်ပါတယ်ရှင်။ မြန်မာပြည်၏အမွေအနှစ်ဖြစ်သောသနပ်ခါးကို ကမ္ဘာကျော်အောင်ထုတ်လုပ်ပေးခဲ့သော ရွှေပြည်နန်း ကုမ္ပဏီကို ဒီထက်မက ဆုတွေရရှိပြီး အောင်မြင်မှုရရှိကာ မြန်မာ့ဂုဏ်ဆောင်နိုင်ပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မနန်းခမ်းမို၊ (ပထမနှစ်-မြန်မာစာ)၊ လားရှိုးမြို့။



ထပ်ဆင့်ထောက်ခံအပ်ပါသည်

နန်းထားထားမေ၊ ရ.က(၆)၊ န.မ(၈)၊ အမှတ်(၁၄)၊ လမ်းမတော်လမ်း၊ လားရှိုးမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ ကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် (အမှတ်-၅၃၀ (B)၊ မိုးကုတ်လမ်းသွယ်၊ စက်မှုဇုန် (၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့)သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)